# ခေတ်သစ်ကဗျာများ

ဦးဝန် နှင့် ဦးသိန်းဟန်

ရွှေ... ...သု... ...ဦးစိုး၄ ...
စာကြည့်တိုက်
တိုက်ပိုင်အမှတ်...... ၆၆၁၇
နေ့စွဲ ၂၇ . ၆ . ၆၇

၆၆၁၇

# ခေတ်သစ် ကဗျာ များ

ရှေးဟောင်းသုတေသနဦးစီးဌာန
စာကြည့်တိုက်
တိုက်ပိုင်အမှတ်....၆၆၁၈....
နေ့စွဲ ....၂၇.၆.၉၇....

ဈေးဖယောင်း၊ သုတေသနဦးစီးဌာန
စာကြည့်တိုက်
တိုက်ပိုင်အမှတ် ________
နေ့စွဲ ________

# ခေတ် သစ် က ဗျာ များ

ဦး ဝန် နှင့် ဦး သိန်း ဟန်

တို့က

ဤစာစောင်ကို မြန်မာစာ ပါမောက္ခ ဦးမောင်မောင်ကြီး၊ ကထိက ဦးကျော်ရင်၊ လက်ထောက် ကထိက ဦးအောင်မိုး၊ လက်ထောက် စာတည်း ဦးထွန်းမြင့် တို့၏ အကူအညီဖြင့် စေတနာ့ဝန်ထမ်း ရွေးချယ် တည်းဖြတ် ဖြေဆိုပြုစုကြသည်။

တက္ကသိုလ် စာအုပ် ထုတ်ဝေ ဖြန့်ချိရေး ကော်မတီ

ရန် ကု န် တ က္က သို လ်

( မူ ပိုင် )

၁ ၉ ၆ ၂

**ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်**

**တွင်**

**ရိုက်နှိပ်သည်။**

# မာ တိ ကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | ၁ |
| ၁။ | မန္တလေးဘွဲ့ | ၉ |
| ၂။ | စင်ညွန့်ပေါင်းက အစောင်းစာ | ၁၁ |
| ၃။ | ဩဒိဿမေတ္တာရေ | ၁၄ |
| ၄။ | ပေါင်းရှစ်ယောက် ကောက်စိုက်သူ | ၁၆ |
| ၅။ | မှိုင်းမပါကြောင်း | ၁၉ |
| ၆။ | ရိုးရွှေဒုတ်ငှက် | ၂၁ |
| ၇။ | သံဝေဂ ကေပိုဒ် | ၂၃ |
| ၈။ | မန်းမကိုရ္ဍ | ၂၈ |
| ၉။ | သုဉ်းသုံး၀ ကေပိုဒ် | ၃၂ |
| ၁၀။ | လက်ပံမြိုင်ငှက် | ၃၅ |
| ၁၁။ | ဩ၀ါဒ | ၃၇ |
| ၁၂။ | လှည်းယဉ် | ၃၉ |
| ၁၃။ | လှည်းယဉ်ထပ်ချို | ၃၉ |
| ၁၄။ | လှည်းယဉ်တော်ကြွကြွ | ၄၀ |
| ၁၅။ | မဲဇာချောင် | ၄၃ |
| ၁၆။ | မဲဇာတောင်ခြေ | ၄၄ |
| ၁၇။ | ပေါရိသာလမ်း | ၄၇ |
| ၁၈။ | တောရှိုင်းမြေ | ၄၉ |
| ၁၉။ | ကစားရွယ် | ၅၁ |
| ၂၀။ | ဆရာမှိုင်း၏ သောက | ၅၃ |
| ၂၁။ | အညာမင်္ဂလာဆောင် | ၅၄ |
| ၂၂။ | ရွှေလရောင်ဘွဲ့ခံ ဦးမင်းယောင် | ၅၉ |
| ၂၃။ | မိဖုရားစောလုံ | ၆၂ |
| ၂၄။ | နိုင်ငံ့အရေး ကိုယ့်အရေး | ၆၅ |
| ၂၅။ | ခက်ဆစ်အဖြေများ | ၆၉ |

# အမှာစာ

ဤစာစောင်အတွက် ရွေးသားသော ကဗျာများသည် မင်းတုန်းခေတ်မှ ၁၉၃၀ - ကျော်ဖြစ်သော ဗြိတိသျှမြန်မာခေတ်အထိ ရေးခဲ့ကြသော ကဗျာများအနက် အနည်းငယ်မျှသာဖြစ်သည်ကို သတိမူမိ ကြပေလိမ့်မည်။ ထိုကဗျာများကို လေ့လာကြည့်လျှင် ရတနာပုံ မန္တလေးမြို့ ဆောက်ယာသပုံ၊ မန္တလေး၌ ရုပ်သေးပွဲ ခေတ်စားခဲ့ပုံ၊ သီပေါမင်း ပါတော်မူသောအခါ နိုင်ငံရေးရာ၌ စိတ်ပါဝင်စား အငြင်းပွားခဲ့ကြပုံ၊ ဗြိတိသျှခေတ်ဦး၌ လယ်သစ်ယာသစ် တိုးချဲ့လုပ်ကိုင် လာကြသဖြင့် ကျေးလက်သာယာသလိုလို ဖြစ်လာခဲ့ပုံ၊ ထို့နောက် မြန်မာတို့သည် လွှတ်လပ်ခဲ့သော မိမိတို့၏ ဘဝဟောင်းနှင့် ယဉ်ကျေးမှု ဟောင်းတို့ကို သတိရလာကြပုံ၊ စိုက်ပျိုးရောင်းဝယ်ရေး တိုးတက်လာပါသော်လည်း စီးပွားရေး၌ မမျှမတ ဖြစ်လာပုံ၊ နိုင်ငံချစ် ဝံသာနုစိတ်ဓါတ် မွေးလာကြပုံ တို့ကိုရင်း၊ ယဉ်ကျေးမှုအရေး၊ လူမှုရေး၊ တိုင်းရေးပြည်ရေး တို့နှင့် စပ်လျဉ်း၍ ဝမ်းမြောက်ဖွယ်အတွက် ဝမ်းမြောက်တတ်ကြပုံ၊ ဝမ်းနည်းဖွယ်အတွက် ဝမ်းနည်းတတ်ကြပုံ၊ ဆင်ခြင်ဖွယ်အတွက် ဆင်ခြင်တတ်ကြပုံ၊ အားတက်ဖွယ်အတွက် အားတက်တတ်ကြပုံ တို့ကိုရင်း သိမြင် နိုင်ကြရသည်။ ဤတွင် ထိုကာလအတွင်း၌ပင် ခေတ်စား ခဲ့ကြသော မယ်ဘွဲ့၊ မောင်ဘွဲ့၊ မြောက်ပင့်ဘွဲ့၊ အလွမ်းဘွဲ့ စသော ကဗျာစနှင့် မတူ။ တမူခြားနေသည်ကိုလည်း သိမြင်နိုင်ကြရသည်။ ဤစာစောင်ကို ခေတ်သစ် ကဗျာများဟူ၍ အမည်ပေး ခဲ့ခြင်းသည် အထက်က ဆိုခဲ့သည့်အတိုင်း ခေတ်သစ်ဖက်သို့ ဦးတည်နေသော သဘောကို ယူလိုသောကြောင့် ဖြစ်လေသည်။

ကဗျာ အပါအဝင်ဖြစ်သော ရသစာပေကောင်း၏ အဓိကတာဝန်သည် လောကဝန်းကျင် အမြင် အသိ သတိ တရားတို့ စိမ့်ဝင်လိုက်ပါလာသော နှစ်သက်ခြင်းမျိုးကို ပေးရန်ဖြစ်သည်ဟု ယူဆပါသည်။ ဤစာစောင်တွင် ကဗျာတိုင်းအတွက် ခက်ဆစ်အဖြေကို ထည့်ထားသည် ဖြစ်ရာ ခက်ဆစ်အဖြေကို လေ့လာ၍ ကဗျာကို ဖတ်လျှင် နှစ်သက်ခြင်း

ဖြစ်နိုင်စရာအကြောင်း ရှိပါသည်။ သို့ရာတွင် စာသင်သားများ အဖို့မှာ နှစ်သက်ခြင်း ဖြစ်တတ်ရုံမျှဖြင့် ကဗျာလေ့လာမှုကိစ္စ ပြီးပြည့်စုံပြီဟု မဆိုသာပါ။ နှစ်သက်ရခြင်း၏အကြောင်းရင်းတို့ကို သိအောင် အားထုတ်ရန်ရှိပေသေးသည်။ ထိုသို့အားထုတ်ခြင်းသည် အကဲခတ်ခြင်း မည်လေသည်။ စင်စစ်မှာ အကဲခတ်ခြင်းကို ပြုတတ်မှသာ နှစ်သက်ခြင်းကို အပြည့်အဝ ရနိုင်လေသည်။ ထို့ကြောင့် စာသင်သားတို့ အကဲခတ်တတ်ကြအောင် ကဗျာတိုင်းအတွက် ဆွေးနွေးခန်းကို ဖွင့်ပေးထားပါသည်။ သို့ရာတွင် ဆွေးနွေးခန်းသို့ မဝင်ခင် ကြိုတင်သိထားအပ်သော အချက်နှစ်ချက် ရှိလေသည်။ ထိုအချက်နှစ်ချက်မှာ (၁) ကဗျာဆရာ၏ အာဘော် သို့မဟုတ် ထိုကဗျာ၏ ဆိုလိုရင်းသဘော အပြည့်အစုံနှင့် (၂) ဖွဲ့ပုံဖွဲ့နည်းများ ဖြစ်ကြလေသည်။

ပဌမအချက်ကို သိနိုင်စိမ့်သောငှာ ကဗျာလေ့လာသူတို့ အသုံးပြုကြသော လေ့လာနည်း အမျိုးမျိုး ရှိသည့်အနက် စာသင်သားတို့နှင့် သင့်လျော်မည်ဟု ယူဆသောနည်းတခုကို တင်ပြလိုပါသည်။ ထိုနည်းသည် အောက်ပါမေးခွန်း ငါးခုကို ဖြေကြည့်ရန်ဖြစ်လေသည်။

၁။ ။ကဗျာတွင် မည်သူကမည်သူ့အား ပြောပြသနည်း။ (ကဗျာဆရာသည် အများပရိသတ်ကို သော်၎င်း၊ တဦးတယောက်ကို သော်၎င်း၊ ကဗျာပါဇာတ်လိုက်တဦးက အခြားဇာတ်လိုက်ကို သို့မဟုတ် အများပရိသတ်ကိုသော်၎င်း ပြောပြနေခြင်း ဖြစ်နိုင်သည်။)

၂။ ။ထိုကဗျာပါ ကာလ ဒေသသည် အဘယ်နည်း။

၃။ ။ထိုကဗျာပါ အရေးကိစ္စသည် သို့မဟုတ် အဖြစ်အပျက်သည် အဘယ်နည်း။

၄။ ။ထိုကဗျာ၏ အဓိက ရည်ရွယ်ချက်သည် အဘယ်နည်း။

၅။ ။ကဗျာဆရာသည် ထိုရည်ရွယ်ချက် ထင်ရှားလာအောင် မည်သည့် အကြောင်းအချက်များကို မည်သို့ ပြောပြသနည်း။



ကဗျာတိုင်းအတွက် အထက်ပါမေးခွန်းငါးခုကို အစဉ်အတိုင်း ဖြေကြည့်လျှင် ထိုကဗျာနှင့်စပ်လျဉ်း၍ ကဗျာဆရာ၏အာဘော်ကို သို့မဟုတ် သူ့ကဗျာ၏ ဆိုလိုရင်း သဘော အပြည့်အစုံကို နားလည် နိုင်ကြရာသည်။

ထို့နောက် ဒုတိယ အချက်ဖြစ်သော ဖွဲ့ပုံဖွဲ့နည်းများကို ကြိုတင်၍ သိထားသင့်လေသည်။ ဖွဲ့ပုံဖွဲ့နည်းများသည် ကဗျာဆရာ၏အာဘော်ကို သို့မဟုတ် သူ့ကဗျာ၏ဆိုလိုရင်းသဘောကို တစိတ်အားဖြင့် နှစ်သက်ဖွယ် ဖြစ်အောင် ပံ့ပိုးပေးတတ်သော တန်ဆာပလာများ ဖြစ်ကြလေသည်။ အကဲခတ်လိုသူသည် ထိုတန်ဆာပလာများအကြောင်းကို ကြိုတင် သိထားခြင်း ရှိမှသာလျှင် ကဗျာကောင်းတပုဒ် ဖြစ်အောင် ထိုတန်ဆာပလာများကို ကဗျာဆရာက မည်ကဲ့သို့ အသုံးပြုခဲ့ကြောင်း ချိန်ဆနိုင်မည်ဖြစ်လေသည်။

ကဗျာဆရာတွင် ရှေးဦးစွာစိတ်ကူးဟူ၍ ရှိရမြဲဖြစ်သည်။ သို့ရာတွင် ထိုစိတ်ကူးကို ဖေါ်ထုတ်ခြင်း မပြုသေးသမျှ ကာလပတ်လုံး ထိုစိတ်ကူးသည် သူ့စိတ်ထဲ၌သာ ရှိနေမည် ဖြစ်လေသည်။ထို့ကြောင့် ကဗျာတပုဒ် ဖြစ်လာရေးကိစ္စတွင် ဖေါ်ထုတ် တတ်ခြင်းလည်း ရှိရလေသည်။ ကဗျာဆရာအဖို့ ဖေါ်ထုတ်တတ်ခြင်း ဆိုသည်မှာ သာမန်ရိုးရိုး ဖေါ်ထုတ်ခြင်းမျိုး မဟုတ်ချေ။ ဖွဲ့နွဲ့၍ ဖေါ်ထုတ်ခြင်းမျိုး ဖြစ်လေသည်။ တနည်းဆိုရသော် ဖွဲ့နွဲ့ခြင်းပါသော အရေးအသား ဖြစ်သည်ဟု ဆိုသင့်လေသည်။

ဖွဲ့နွဲ့ခြင်းဆိုသည်မှာ ကဗျာဆရာသည် မိမိ၏စိတ်၌ ရှိသော အနက်သဘောကို (၁) မှန်ကန်အောင်၊ (၂) ပြေပြစ်အောင်၊ (၃) ဆန်းကြယ်အောင် ပြု၍ သူ့နားသူ့စိတ်သို့ ရောက်အောင် ပို့ရခြင်း ဖြစ်လေသည်။ ဉာဏ်ကြီးသော ကဗျာဆရာတိုင်းသည် ထိုသို့ပို့နိုင်သူ ချည်းသာ ဖြစ်လေရာ ကဗျာအကဲခတ်လိုသူ၏ တာဝန်သည် ဉာဏ်ကြီးသော ကဗျာဆရာတို့ ပို့လေ့ပို့ထရှိသော ပို့နည်းများကို ကြိုတင်သိထားရန် လိုအပ်လာခြင်း ဖြစ်လေသည်။ ထိုပို့နည်းများသည် ဖွဲ့ပုံဖွဲ့နည်းများပင် ဖြစ်ကြလေသည်။

တဖန်ဖွဲ့ပုံဖွဲ့နည်းများနှင့်စပ်လျဉ်း၍ (၁) မှန်ကန်မှုအတွက်၊ သဒ္ဒါတတ်သူတို့သည် သဒ္ဒါကျမ်းများကိုရင်း ကဗျာတတ်သူတို့သည် ကဗျာ စပ်နည်းကျမ်းများကိုရင်း စီရင်ခဲ့ကြပြီ။ (၂) ပြေပြစ်မှုအတွက်၊ အလင်္ကာတတ်သူတို့သည်သဒ္ဒါလင်္ကာရကျမ်းများကို စီရင်ခဲ့ကြပြီ။ (၃) ဆန်းကြယ်မှုအတွက်၊ အတ္ထာလင်္ကာရ ကျမ်းများကို စီရင်ခဲ့ကြပြီ။ ထို့နောက် ရသအကြောင်းကိုလည်း တခန်းဖွင့်၍ စီရင်ခဲ့ကြပြီ။

သဒ္ဒါနည်း၊ ကဗျာစပ်နည်းတို့ကို ကျောင်းများ၌ ထိုက်သင့်သည့်အားလျော်စွာ သင်ခဲ့ကြပြီးဖြစ်သဖြင့် ထပ်၍ မဆိုတော့ပြီ။ တဖန် ရသဆိုသည်မှာလည်း အချုပ်အားဖြင့် နာသူ ဖတ်သူ၌ ဖြစ်ပေါ်တတ်သော နှစ်သက်ခြင်းအကျိုးတရားသာ ဖြစ်ရာ ကရုဏာဖြစ်နေလျက် နှစ်သက်ခြင်းသဘော၊ ကြည်နူးနေလျက် နှစ်သက်ခြင်းသဘော၊ ထိတ်လန့်နေလျက်နှစ်သက်ခြင်းသဘောစသည်ဖြင့်ထိုသဘောမျိုးဟူ၍ဤအဆင့်၌ သိနေကြလျှင် သင့်ပြီ။ သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရတို့မှ လာသော အများသုံးဖွဲ့ပုံဖွဲ့နည်းအချို့ကိုသာ သိသာရုံမျှ ဖေါ်ပြလိုပါသည်။

သဒ္ဒါဆိုသည်မှာ အပြောအဆိုနှင့်လည်းဆိုင်၍ အရေး နှင့်လည်း ဆိုင်သည်။ ပြောဆိုသဖြင့် ကြားရသောအခါ အသံဖြစ်သည်။ ရေးသဖြင့် ဖတ်ရှုရသောအခါ စကားဖြစ်သည်။ ထို့ကြောင့် သဒ္ဒါလင်္ကာရဆိုသည်မှာ အသံကိုရင်း စကားကိုရင်း တန်ဆာဆင်ခြင်းဖြစ်သည်ဟု ဆိုအပ်လေသည်။ အသံပြေပြစ်အောင်တန်ဆာဆင်ရာတွင် ဖွဲ့ပုံဖွဲ့နည်း နှစ်မျိုးကို ပြလိုသည်။

(၁) မှာ စကားနှစ်လုံးကိုသော်ရင်း နှစ်လုံးထက် ပိုသောစကားများကိုသော်ရင်း သူတို့၏အသံအတိုင်း ကာရန်လိုက်တတ်ခြင်း ဖြစ်လေသည်။ "မဲဇာတောင်ခြေ။ သဲသာသောင်မြေ။ ပွဲခါညောင်ရေ"ဟု ကာရန်လိုက်တတ်သကဲ့သို့ ဖြစ်လေသည်။ ထိုသို့ ကာရန်လိုက်တတ်ခြင်းသည် သုတိသာယာမှုကို ဖြစ်စေသဖြင့် **နုပေထပ်ဂုဏ်** မြောက်၏ဟု ဆိုနိုင်လေသည်။

(၂) မှာ ဌာန်တူသော်ရင်း အက္ခရာသံတူသော်ရင်း အသင့်အတင့်



ထပ်ကာထပ်ကာ ဆိုတတ်ခြင်းဖြစ်လေသည်။ "**ရွှေနန်းသူတို့၊ ချစ်မူချင်ရာ ချစ်ပျူငှါနှင့်**"ဟု ဆိုတတ်သကဲ့သို့ ဖြစ်လေသည်။ ထိုသို့ ဆိုတတ်ခြင်းသည် ချိုသာသောသဘော ရှိသဖြင့် **မဓုရတာဂုဏ်** မြောက်သည်ဟု ဆိုကြလေသည်။

စကားကို ပြေပြစ်အောင် တန်ဆန်ဆင်ရာ၌လည်း နှစ်မျိုးကိုသာ ပြလိုပါသည်။

(၁) မှာ အများနားလည်သော **စကားတို့ကိုသာ** ရွေး၍ သုံးသည့်အပြင် ဝါကျပြုရာ၌လည်း ကတ္တား ကံ ဝါစက စသည်တို့ကို နီးနီးကပ်ကပ် နေရာချတတ်ခြင်း ဖြစ်လေသည်။ ထိုသို့ ပြုတတ်ခြင်းသည် မရှုပ်မထွေး ရှင်းလင်းသောသဘောရှိသဖြင့် **ပသာဒဂုဏ်** မြောက်သည်ဟု ဆိုကြလေသည်။

(၂) မှာ **ခရီး+သွား+ယောကျ်ားဟုရင်း လက်တန်း+ဉာဏ်ဟုရင်း စကား** နှစ်လုံး သုံးလုံး လေးလုံး စသည်တို့ကို ကျစ်လစ်သိပ်သည်းစွာ ဆက်စပ်ချုံ့ဆိုတတ်ခြင်း ဖြစ်လေသည်။ ထိုသို့ ပြုတတ်ခြင်းသည် သမာသ်ပုဒ်ပြုနိုင်သော သဘောရှိသဖြင့် **ဩဇဂုဏ်** မြောက်သည်ဟု ဆိုကြလေသည်။

အတ္ထာလင်္ကာရ ဆိုသည်မှာ အနက်ကို တန်ဆာဆင်ခြင်း ဖြစ်လေသည်။ အနက်ကိုဆန်းကြယ်အောင် တန်ဆာဆင်ရာတွင် ဖွဲ့ပုံဖွဲ့နည်း လေးမျိုးကို ပြလိုသည်။

(၁) မှာ မယ့်မျက်နှာသည် **တင့်တယ်ပေ၏** ဟူသော အနက်ရိုးကို **မယ့်မျက်နှာသည် လပြည့်ဝန်းကဲ့သို့ တင့်တယ်၏**ဟု ဂုဏ်တူအနက်တခုဖြင့် **နှိုင်းခိုင်း၍** ဖွဲ့တတ်ခြင်း ဖြစ်လေသည်။ ထိုသို့ဖွဲ့တတ်ခြင်းသည် **ဥပမာအလင်္ကာ** ဖြစ်သည်။

(၂) မှာ အထက်ပါ အနက်ရိုးကိုပင် **မယ့်မျက်နှာကား လပြည့်ဝန်းတည်း**ဟု ဂုဏ်တူအနက်တခုဖြင့် **ထပ်တူပြု၍** ဖွဲ့တတ်ခြင်း ဖြစ်လေသည်။ ထိုသို့ ဖွဲ့တတ်ခြင်းသည် **ရူပကအလင်္ကာ** ဖြစ်သည်။

(၃) မှာ လမင်းထွက်လာသောအခါ ကျွန်ုပ်သည် ပျော်၏ဟူသော အနက်ရှိးကို **လမင်းသည် ပြုံးပြုံးရွှင်ရွှင် ပေါ်လာ၏**ဟု သက်မဲ့ကို သက်ရှိပြုကာ **တင်စား၍** ဖွဲ့တတ်ခြင်း ဖြစ်လေသည်။ ထိုသို့ ဖွဲ့တတ်ခြင်းသည် **အပါဏသမာဓိဂုဏ်** မြောက်သည်။

(၄) မှာ မောင်သည် မယ့်အတွက် မည်သူ့ကိုမျှ မမှု။ ဆောင်ရွက်ပေးမည် ဟူသော အနက်ရှိးကို "စိုးပါနဲ့မယ်၊ မိုးကြယ်မှိုလား။ သည်တောင်ကို မောင်ဖြိုပါ့မယ်၊ မြင့်မိုမှိုလား။"ဟု ပြင်းပြသော အာသီသ ထင်ရှားအောင် **အလွန်အထူးဆို၍** ဖွဲ့တတ်ခြင်းဖြစ်လေသည်။ထိုသို့ ဖွဲ့တတ်ခြင်းသည် **အတိသယ ဝုတ္တိအလင်္ကာ**ဖြစ်သည်။

**စာသင်သားတို့သည်** ပြေပြစ်မှုအတွက်ဖြစ်သော သဒ္ဒါလင်္ကာရဆိုင်ရာ ဖွဲ့ပုံဖွဲ့နည်း လေးမျိုးကို သိကြပြီ။ **ဆန်းကြယ်မှုအတွက်** ဖြစ်သော အတ္ထာလင်္ကာရဆိုင်ရာ ဖွဲ့ပုံဖွဲ့နည်းလေးမျိုးကိုလည်း သိကြပြီ။ ထိုအခါ အထက်ကမေးခွန်းငါးခုကြောင့် အဖြေထွက်လာရန်ရှိသော ကဗျာဆရာ၏ **အာဓောင်ကို** သို့မဟုတ်ကဗျာ၏ **ဆိုလိုရင်းသဘောကို** တစိတ်အားဖြင့် နှစ်သက်ဖွယ်ဖြစ်လာအောင် မည်ကဲ့သို့သော ဖွဲ့ပုံဖွဲ့နည်းမျိုးက အထောက်အကူပေးသည်ကို အတန်အသင့် ချိန်ဆခြင်းပြုနိုင်ကြရာသည်။ ဤသို့ဖြင့် စာသင်သားတို့သည် ရှေးဦးစွာ ကဗျာတိုင်းကို နှစ်ခေါက်စီ ဖြစ်စေ သုံးခေါက်စီဖြစ်စေ၊ **အသံထွက်၍ဆိုကြည့်ပြီးသည့်နောက်** ကဗျာတိုင်းအတွက် အစမ်းသဘော ပေးထားသော ဆွေးနွေးခန်း၏ အကူအညီဖြင့် **အကဲခတ်၍၊** လောကဝန်းကျင် မြင်သိသတိပြုတတ်သော မိမိတို့၏ ပဋိဘာန် စိတ်ကူးဉာဏ်ကိုရင်း ကြောင်းကျိုး ဆင်ခြင်တတ်သော မိမိတို့၏ အဆင်ခြင် ဉာဏ်ကိုရင်း **ရင့် သန် အောင် အား ထုတ်** နိုင်ကြ ပါစေ သတည်း။ ။



# မန္တလေးဘွဲ့လွမ်းချင်း

## အတွက်

### အမေးအဖြေ လေ့ကျင့်ခန်း အကြမ်းပုံစံ။

၁။ ။ကဗျာတွင် မည်သူက မည်သူ့အား ပြောပြသနည်း။

မည်သူက မည်သူ့အား ပြောပြနေသည်ဟု တထစ်ချ မဆိုနိုင်ပါ။ ကဗျာဆရာက သူ့ "ငယ်ကြိုက်"ကို ပြောပြနေသည်ဟုလည်း ယူနိုင်ပါသည်။ "နန်းသူ့သက်လှယ်"။ "မဟာနွယ်သမုသိန်" ဟူသော စကားများပါသော်လည်း "စခန်းတော် မောင်မယ်ချပါလို့" ဟူသောစကားကို ထောက်လျှင် ထီးထဲနန်းထဲက တကာယ့်မင်းသမီးကို တကာယ့်မင်းသားက ပြောပြနေသည်ဟု ထင်ရသည်ထက် ဇာတ်ရုပ်သေးမင်းသမီးကို ဇာတ်ရုပ်သေးမင်းသားက နှစ်ပါးသွားစခန်းချတွင် ပြောပြနေသည်ဟု ထင်ရသည်က ပို၍မှန်ကန်ဖွယ်ရှိလေသည်။ မည်သူမဆို ချစ်ခင်သူအချင်းချင်း ပြောပြနေသည်ဟုလည်း ယေဘုယျအားဖြင့် ယူဆနိုင်ပါသည်။

၂။ ။ကဗျာပါ ကာလ ဒေသသည် အဘယ်နည်း။

ကဗျာတွင် ပြောပြသူ၏ စေတနာဆန္ဒတို့ကိုသာ ဖွဲ့ထားသည်ဖြစ်ရာ မည်သည့် ကာလ၊ မည်သည့် ဒေသ၌ ဖြစ်ပျက်နေသည်ဟု မည်မည်ရရ ပြော၍ မဖြစ်နိုင်ချေ။

၃။ ။ကဗျာပါ အရေးကိစ္စသည် သို့မဟုတ် အဖြစ် အပျက်သည် အဘယ်နည်း။

အရေးကိစ္စဟူ၍ရင်း အဖြစ်အပျက်ဟူ၍ရင်း မည်မည်ရရ မပါဟုပင် ဆိုနိုင်သည်။

၄။ ။ကဗျာ၏ အဓိကရည်ရွယ်ချက်သည် အဘယ်နည်း။

မန္တလေးမြို့နှင့် အနီးတဝိုက် သာယာပုံ ဖြစ်သည်။

၅။ ။ကဗျာဆရာသည် ထိုရည်ရွယ်ချက် ထင်ရှားအောင် မည်သည့် အကြောင်းအချက်များကို မည်ကဲ့သို့ ပြောပြပါသနည်း။

"ငယ်ကြိုက်"ကို လိုက်ခဲ့ပါဟု ဆို၍ အန္တရာယ်ပျောက်ကင်းအောင် မန်းမြေက ကန်တော်ရေချိုချိုကို သောက်စေလိုသဖြင့် မန္တလေးမြို့သို့ ခေါ်သည်။ ဗုံသံတညံညံ တီးမှုတ်လျက်ငင်း အစုန်အဆန် သွားကာပြန်ကာပျိုလျက်ငင်း ရွှေတချောင်း၌ ကူးတို့ပို့နေကြသော လောင်းလှေတို့ကို မြင်စေချင်သည်။ ထို့နောက် ငယ်ကြိုက်အား ကွမ်းသီးပန်းနှင့်ဝက် မြေဇာဥတို့ကို လက်ဆောင်အဖြစ်ပေးရန် ဝယ်ခဲ့မည်ဟု ပြောသည်။ ဧရာဝတီမြစ် ရေတိမ်သောင်စ၌ မောင်မယ်စခန်းချ နေနား၍ မယ့်အား တောပုဘုရားကို ဖူးရပါစေမည်ဟု ပြောသည်။

သူ့ငယ်ကြိုက်ရောက်စေလိုသော အရပ်များကို ဖေါ်ပြ ပြီးလျှင် အန္တရာယ်ကင်းစေလိုသောဆန္ဒ၊ပျော်ရွှင်စေလိုသောဆန္ဒ၊ ကြည်ညိုစေလိုသော ဆန္ဒတို့ကိုပါဖက်၍ ပြောပြသည်။ မန္တလေးသာယာပုံကို ကြင်ချစ်သူ၏ နှုတ်ဖျားမှတဆင့် ဖွင့်ဆိုဖွဲ့နွဲ့ခဲ့ခြင်းဖြစ်သည်။

## ကျေးဇူးစကား

ဤစာစောင်ကို ပြုစုရာတွင် ဤစာစောင်၌ပါဝင်သော ကဗျာများအတွက်၊ကွယ်လွန်ပြီးကဗျာရှင် ကဝိအပေါင်းတို့ကိုငင်း အသက်ထင်ရှားရှိသော သခင်ကိုယ်တော်မှိုင်းကိုငင်း ဦးညွှတ်၍ ကျေးဇူးဥပကာရတင်ကြောင်း ဖေါ်ပြအပ်ပါသည်။ ။

## မန္တလေးဘွဲ့
(လွမ်းချင်း)

လာမေ လိုက်ခဲ့တော့
ငယ်ကြိုက်ကယ် ကြင်ဆွေ
တို့မန်းမြေမှာ
ကန်တော်ရေ ချိုချိုသောက်ပါလို့
ဘေးပျောက်လို့ ရန်ကွာ
သာယာထူးတဲ့ မြို့ပေလေး။

တချောင်းရွှေငယ်
လောင်းလှေရယ်မှ ကူးတို့
ဗုံတညံညံ စုန်ကာဆန်
ပြန်ကာ ပို့လို့
တို့က ခင်မေ
ယဉ်တဆွေရယ် မြင်စေပြီးမှ
လှလှရွှန်းရွှန်း ကွမ်းသီးပန်းကို
ကမ်းစေသမှု ဝက်မြေဥနှင့်
နန်းသူ့ သက်လှယ်
လက်ဆောင်တော် ပေးရန်ဖို့
ခင်လေးမောင် ဝယ်ခဲ့မယ်
မဟာနွယ် သမုသိန်ရယ်
ရေမြစ်တိမ် ဟိုသောင်စဆီသို့
စခန်းတော် မောင်မယ်ချပါလို့
တောပုရှင် စိန္တေယျကို
ဖူးရမယ်လေး။ ။

မသိ

## ဆွေးနွေးခန်း

၁။ ။ကဗျာဆရာသည် "လာမေလိုက်ခဲ့တော့"ဟု ခေါ်သည်ဖြစ်ရာ၊ မည်သည့် အကြောင်းအချက် များကို ပြော၍ ခေါ်ပါသနည်း။

၂။ ။ဤလွမ်းချင်းမျိုးကို ပွဲများတွင် မြိုင်ထ နှစ်ပါးသွားခန်း၌ သီဆိုတတ်သည်ဟု ထင်ပါသလား။ အလားတူ သဘောရှိသော ကဗျာကို ရှာကြည့်ပါ။

၃။ ။စာရေးရာတွင် စာတွေ့အသိဖြင့် ရေးသောစာ၊ ကိုယ်တွေ့အသိဖြင့် ရေးသောစာဟူ၍ ရှိကြသည်ဖြစ်ရာ အထက်ပါမန္တလေးဘွဲ့သည် မည်သည့်စာမျိုးဖြစ်သည်ဟု ထင်ပါသနည်း။ ရှင်းပြပါ။

၄။ ။ကန်ရေ ချိုချို သောက်မည်။ လောင်းလှေတို့ကို အကြည့်သွားမည်။ ကွမ်းသီး ပန်းများနှင့် ဝက်မြေဇာဥကို လက်ဆောင် ပေးမည်။ မောင်မယ်တို့ စခန်းချနားနေ၍၊ဘုရားဖူးမည်ဟူသော စေတနာဆန္ဒတို့ကို ဖယ်လိုက်လျှင်၊ (က) ဤကဗျာ၌ မည်သည်တို့သာ ကျန်တော့မည်နည်း။ (ခ) လွမ်းစရာ ပျော်စရာ ဖြစ်ပါတော့မည်လော။

၅။ ။ဤကဗျာကို မယ်ဘွဲ့ အဖြစ်ဖြင့်လည်း လေ့လာ ကြည့်နိုင်သည်။ ဤကဗျာပါ မောင်မယ် အချစ်ကို ဆိုရာတွင် ရိုင်းပြသလော။ သိမ်မွေ့သလော။ အဘယ့်ကြောင့်နည်း။

၆။ ။ဤကဗျာကို နှစ်သက်စရာ ကောင်းအောင် မည်သည့် **အသံအဆင် တန်ဆာ၊ စကားအဆင်တန်ဆာ** တို့ကို သုံး၍ ဖွဲ့ထားသနည်း။ မည်ကဲ့သို့ သုံးထားသနည်း။

သို့မဟုတ်

ဤကဗျာ၌ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ သမာဓိဂုဏ်၊ အတိသယဝုတ္တိအလင်္ကာတို့ မပါသော်လည်း အဘယ့်ကြောင့် နှစ်သက်ဖွယ် ဖြစ်ပါသနည်း။ ခေါ်သူ၏ သန့်ရှင်းသော စေတနာနှင့် စိတ်ကူးဉာဏ်တို့ကြောင့် နှစ်သက်ဖွယ် ဖြစ်သည်ကား အဓိကဖြစ်သည်။ သို့ရာတွင် ထိုမှအပ အခြား မည်သည့် အကြောင်းများကြောင့်လည်း နှစ်သက်ဖွယ် ဖြစ်သည်ဟု ထင်ပါသနည်း။ ရှင်းပြပါ။



## စင်ညွန့်ပေါင်းကအစောင်းစာ

(သံချို)

တိုင်တိုင်းမှာ အလံထူ၍
သိုင်းဘွဲ့ဖြူ ရမထာနှင့်
တော်မဟာ စင်ညွန့်ပေါင်းတွင်ဖြင့်
ရွှာမောင်းထောင် ဂါမော်က
ဆရာကျော် လူလွန်နှင့်
မင်းစာဝန် တာသွယ်ပါ
ယင်းပျော်ဘွယ် ဉာဏ်ကျယ်တဲ့ပါလို့
တနဲ့စီ သံချိုလျှောက်ပါရ
ပေါင်းလေးယောက် ငယ်ကျွန်ယုံ။

မန်းမြို့ပိုင် ပြည်တော်ဝန်က
ရှည်အလွန် ကြံ့ရွယ်ဆောင်ခဲ့
လူ့ဘောင် ကြေညာလှိုင်းပါဘိ
တိုင်း သိမ့်သိမ့်တုန်။

ရိမဒ္ဒန် ပေါက္ကံတိုင်း
သမိုင်း စာတင်၍
ပုဇဝင် မတိမ်ကောနိုင်ဘု
မင်းစော နော်ရထာကဲ့သို့
မတ်မဟာ ထံတော်မှောက်
ဦးမြှောက်၍ ပဏ္ဏာလှူ
ဗိုလ်ပုံထု ခယမ်း။

ငထွေးရူး ကဲ့သို့
ချောင်းဦး ရွာတဆယ်က
ဥာဏ်ကျယ်ကို ပမာညွှန်ခဲ့
မင်းစာဝန် ထောင်လက်ရိုးမှာတော့
ငလုံး လက်ဖယ်ဟု
ယင်းပျော်ဘွယ် ညောင်ဦးဖီးကဲ့သို့
ပြည်ကြီးဝန် မိန့်တော်ချက်ကယ်နှင့်
ထမ်းရွက်သူ မျက်နှာဟောင်းတွေ့တို့
ရွာမောင်းထောင် ဂါမော်က
ဆရာကျော် ကာလသားမှာတော့
ပုပ္ပါးဆို တောင်ခြေရင်းဆီက
နတ်မြင်းကို မိအောင်ဖမ်းသည့်နှယ်
လက်တန်းဥာဏ် ခေါင်ကဝိပေပေါ့
မဏိစန္ဒာနှင့်
စစ်သည်ပါ ပဏ္ဏာခိုရ
စာဆိုမှာ ကျန်စစ်သားကဲ့သို့
သထုံဝင် ဂုဏ်ထင်ရှားပါလိမ့်
အားလုံး နောက်တန်း။

မောင်းထောင် ဦးကျော်လှ။

**ဆွေးနွေးခန်း**

(၁၂၃၁—ခုနှစ်၊ မင်းတုန်းမင်းလက်ထက်၊မန္တလေးမြို့၊ မြို့ဝန်ဦးသာအိုး၏ဝင်းအတွင်းခင်းကျင်းသောရုပ်သေးပွဲ၌သံချိုကိုင်များဖြစ်ကြသော မောင်းထောင်ဦးကျော်လှ၊ ဒီပဲယင်းပျော်ဘွယ်၊ မင်းစာဝန်၊ ဥာဏ်ကျယ်



တို့တွဲဖက်၍ အပျော်အရွှင်သဘောဖြင့် စောင်းကာချိတ်ကာ စာဆိုကြရသည်ဖြစ်ရာ၊ ဦးကျော်လှက အထက်ပါအတိုင်း ဆိုခဲ့သည်။)

၁။ ။မြန်မာရုပ်သေးပွဲအကြောင်းကို သင်သိသမျှ ရေးပါ။ ယခုအခါ၌ **သံချိုကိုင်** ရှိပါသေးသလား။

၂။ ။အစောင်းအချိတ် ပြောသည် ဆိုသည်မှာ အဘယ်နည်း။

၃။ ။ဦးကျော်လှသည် မည်သူတို့ကို မည်သို့ စောင်းပါသနည်း။

၄။ ။သံချိုဆို၍အဆုံးတွင် ပွဲကြည့် ပရိသတ်သည် ပွဲကျမည်ဟု ထင်ပါသလား။ (အကြောင်းအချက် စီစဥ် တတ်ပုံကိုရင်း၊ ဥပမာ အလင်္ကာ သုံးတတ်ပုံကိုရင်း၊ စကား သုံးတတ်ပုံကိုရင်း၊ လေ့လာကြည့်နိုင်သည်။)

## ဩဒိဿမေတ္တာရေ

(သံချို)

သတိချွတ်လို့သာပါ
ဝိဝဋ္ဋာ ကမ္ဘာမြေသို့
ဖြဟ္မာတွေ အလည်လာတော့
နွယ်ပဒါ အာသာငြိသော်ကြောင့်
ဣတ္ထိလိင် ပုရိသောရယ်လို
ရောနှောကာ ပေါင်းဖေါ်လျှဉ်းကြ
ယင်းမူလ မျိုးအဆွေ။

နှစ်သောင်းကျူး ပေလိမ့်
ချောင်းဦးမြေ ရွာရှေ့ထောင်က
ညီနှင့်နောင် မတော်လျှဉ်းသော်လဲ
အရင်း အပင် စစ်လိုက်တော့
အမြစ်မှာ ဗြဟ္မာမျိုးသာပါ
စိတ်ဆိုးကာ မာန်မထပါဘု
ဒေါ်သမခွေ။

မတော် ကြသော်လဲ
ပျော်ရရုံ သဘင်ထဲ
စင်ခဲ့ကာ ကိုယ်စီလိုက်ကြရ
တိုင်းကြိုက်ဥာဏ် အတူတူမို့
မောင်ကြူကို ဆရာလှငယ်က
ဩဒိဿ မေတ္တာရေ
မာပါစေ ဆွတ်ဖျန်း။



သဗ္ဗေ သတ္တာ
အဝေရာ မေတ္တာပြုလျှင်ဖြင့်
ဤကုသိုလ် အလွန်ကြီးပါသတဲ့
ရာထီးပိုင် ရှင့်ထံမှောက်မှာလ
နှစ်ယောက်လူ မာန်ကိုပယ်ကြစို့
ဥာဏ်ကျယ်ကို ဆရာလှငယ်က
နှစ်ရာတိုင် မေတ္တာမျှပါငဲ့
ဒေါ်သ မစွန်း။

မောင်းထောင် ဦးကျော်လှ။

**ဆွေးနွေးခန်း**

(ပခန်းမင်းကြီးရှေ့၌ ခင်းကျင်းသောရုပ်သေးပွဲ၌ သံချိုကိုင် ဦးကျော်လှ နှင့် သံချိုကိုင် ဥာဏ်ကျယ် (ဦးကြူ) တို့ အတုံ့အလှယ် စောင်းချိတ်၍ စာဆိုပြီးကြသည့်နောက် မေတ္တာစကား ဆိုရဦးမည်ဟု ပခန်းမင်းကြီးက အမိန့်ရှိသဖြင့် ဦးကျော်လှက အထက်ပါအတိုင်း ဆိုခဲ့သည်။)

၁။ ။ရုပ်သေးသံချိုကိုင် တို့သည် ပွဲကြည့် ပရိသတ် ပျော်အောင် မိမိကိုယ်ကို ပင့်၍ သူ့ကိုနှိပ်၍ သံချိုကိုင်အချင်းချင်း စောင်းရချိတ်ရသည်မှာ သဘင်ပညာတခုဟူ၍ ဆိုကြလေသည်။ မှန်ပါသလား။ အထက်ပါ သံချို နှစ်ပုဒ်၌ သာဓကရှာ၍ ရှင်းပြပါ။

၂။ ။"မတော်ကြသော်လဲ"ဟူသော စကားသည် မည်သည်ကို ဆိုလိုသနည်း။ ရှင်းပါ။

၃။ ။"စင်ညွန့်ပေါင်းက အစောင်းစာ" နှင့် "ဩဒိဿမေတ္တာရေ" တို့သည် ယခုတိုင် ထင်ရှားလျက် ရှိကြသည်ဟု ဆိုကြသည်။ အဘယ့်ကြောင့်နည်း။ ဦးကျော်လှ၏ ဗဟုသုတများပုံ၊ ချေငံစွာ ပြောတတ်ပုံတို့ကို စစ်ဆေးကြည့်နိုင်သည်။

## ပေါင်းရှစ်ယောက်ကောက်စိုက်သူ

(သံချို)

မြေပဝရံ သေန်ရပ်တွင်မှ
ကံစပ်ကာ ဂဟေဆော်ကြ
သူငယ်ဖော် အရွယ်ကောင်းတွေပေါ့
ဆယ်ချောင်းစီ ဆလံမြှောက်
ပေါင်းရှစ်ယောက် ကောက်စိုက်သူ။

ချိုချို တေးအဆိုလိုက်ကာပေါ့
ကြေးပိုက်ဆံ ငွေကျပ်ပြား
မှတ်သားကာ မယူငင်ပဲ
ဘုရားဝင် ဝတ်တော်တက်
ဆော်နှက်ကာ ကြေးစည်တီးရန်ဖို့
မကြီးလာ မမယ်တိုးတို့က
သယ်ပိုးကာ ဖော်အပေါင်းငယ်နှင့်
အကြောင်းခံ အခြေပြုပေကြ
ကောင်းမှုဖို့ လှူ။

ဘုရား ရတနာနှင့်
အများတကာ စားစရာဖို့သာပေါ့
တချို့ တဝက်ခူးလို့
လက်ဦးပင် တင်ဝေမျှခဲ့
ပြည့်ဝ သိကရိနှင့်
ဗိရဏီ ဘုံမှာဖြစ်ပါသတဲ့
ကသစ်ပင် သာသည့်အောက်မှာလ



ရှစ်ယောက်ပြိုင် ဆွေလုံမိငယ်တို့
ဘုံဗိမာန် ပြာသာဒ်ကြီးတွေနှင့်
နတ်သမီးတွေ ဖြစ်စေကြောင်းရယ်လို့
တကောင်းကိုင် ကြေးစည်နှက်ကာပေါ့
လောင်းရေစက် အရေးယူ
သွေးတူတဲ့ စိတ်ကူး။

သုဒဿနာ နတ်ရွာရောက်လျှင်ဖြင့်
ဗလချာနောက်အောင် စိတ်ပျော်ပိုက်ကြလိမ့်
ကောက်စိုက်သလို ကိုယ်တို့မကုန်းကြရပေဘု
ဟိုထုံးစံ ဝတိန်အလေ့
သိမ်မွေ့စွာ မာဏဝီတို့
အာသာဝတီ ဆိုတဲ့ပန်းတွေနှင့်
ကိုယ်လျှမ်းအောင် ထိန်ထိန်ညီး
စိန်ဘီးတင် စိန်ဆံပတ်
နားကပ်ခွေ စိန်ရတနာနှင့်
ရွှေနှံ့သာ ချေကာလိမ်းကာပေါ့
ဇာအထည် ကြာခြည်စိမ်းငယ်နှင့်
ကမ္ဗလာအထည်ပေါ်မှာ
တာရှည်ပျော်လို့ ငြိမ်းကြပါလိမ့်
မိန်းမ ရှစ်ဦး။

မောင်းထောင် ဦးကျော်လှ။

## ဆွေးနွေးခန်း

(မောင်းထောင်ရွာ သေနံရပ်သူ ကောက်စိုက်သူငယ်မ ရှစ်ဦးသည် တေးဆိုကာ အလှူခံ၍ ရသော ငွေဖြင့် ကြေးစည်လှူကြသည်ကို ချီးကျူးခြင်းဖြစ်သည်။)

၁။ ။ဤသံချိုတွင် ဦးကျော်လှသည် ကောက်စိုက်သူ ရှစ်ဦး၏ မည်သည့် အလှမျိုးကို မြင်သနည်း။ ရုပ်အလှ လော။ စေတနာအလှ လော။ ရှင်းပြပါ။

၂။ ။မန္တလေးခေတ်တွင် ဦးပုည၊ ဆရာဖေ စသော ကဗျာစာဆိုတို့ ရေးလေ့ရှိကြသော မယ်ဘွဲ့မောင်ဘွဲ့တို့ကို လေ့လာ၍ ဤသံချိုပါ "မယ်ဘွဲ့"နှင့် ယှဉ်ကြည့်ပြီးလျှင် မှတ်ချက်ရေးပါ။

၃။ ။ဦးကျော်လှသည် မိန်းမရှစ်ဦးကို မည်သူနှင့် ခိုင်းနှိုင်း၍ ချီးကျူးသနည်း။ မည်သို့ ချီးကျူးသနည်း။ ချီးကျူးသော စကားတို့တွင် ဟာသသဘောပါသည်ဟု ထင်ပါသလား။

၄။ ။ဤသံချိုကို သဒ္ဒါလင်္ကာရနှင့် ပြည့်စုံအောင် မည်သို့ ဖွဲ့သနည်း။



## မှိုင်းမပါကြောင်း

(သံချို)

အရှယ်မှာ အစွယ်ကျိုးပြီမို့
ကွယ့်ကိုးရန် မပေါ်ဘု
ညှိုးယော်ယော် ဖိုးကျော်လှငဲ့
ကိုးမှော်ရ ဥာဏ်ဝိဇ္ဇာ။

မန်းရွှေမြေ နန်းဗွေကနက်
ထမ်းရွက်စဉ် အခါတုန်းဆီက
ရွာလုံးကုန် မှီခိုလောက်ပါငဲ့
ဂုဏ်ရောက်ဟန် မောက်မာန်မတင်း
ရန်ကင်းအောင် ထွေထွေပြုခဲ့
မင်းမှုတွက်တာ။

ဘိလပ်စံ ထပ်မံစိုးပြန်တော့
ကံညှိုးပုံ အခက်ဆုံးပေပါ့
မျက်လုံး သဖွယ်နှင့်
လက်ရုံးနှစ်သွယ် ပခုံးဝယ်ပေါက်လေသို့
သုံးယောက်ကယ် ညီနောင် သားငယ်တို့
ရှောင်ရှားနှင့် အနိစ္စာ
ဘိဇ္ဇနာ ရွှေ့ပြောင်း။

အစဉ်ပင် အလျှင်သူကြီးတို့နှင့်
ဝရီးတူ ဆွေအမျိုးပါပဲ
မောင်ဖိုးမှန် စိုးပြန်ခိုက်မှာမှ
တန်လိုက်လေ အရပ်သားတို့က

မသနား မညှာတာလို့
တံခါးမှာ သွားကာအိပ်ပါရ
အရိပ်ကယ် အရောင်မဲ
မှောင်ထဲမှာ မမြင်မကန်းဟာမို့
ပင်ပန်းစွာ လမ်းတာသွားရ
စမ်းတား စမ်းတီဖြစ်ချေပေါ့
ဤနှစ်လွန် ခုနစ်ဆယ်သာခဲ့
ကိုယ်ခန္ဓာ အိုကာထိုင်းပြီမို့
ထို့ရွာမှာ တံခါးဗိုလ်အရာ မခိုင်းပါနှင့်တော့
မှိုင်းမပါကြောင်း။

မောင်းထောင် ဦးကျော်လှ။

**ဆွေးနွေးခန်း**

(၁၂၇၄ - ခုနှစ်၊ မောင်းထောင်ရွာ သူကြီးသစ် မောင်ဖိုးမှန် လက်ထက်တွင် အရပ်သားတို့က ဦးကျော်လှကို ရွာတံခါး၌ အအိပ်အနေအစောင့် ခိုင်းရာ ဦးကျော်လှက မြို့အုပ်မင်းထံ လျှောက်ထားခြင်းဖြစ်သည်။)

၁။ ။ရွာတံခါး၌ မိမိ မစောင့်သင့်ကြောင်းကို ဦးကျော်လှသည် မည်သို့ လျှောက်လဲခဲ့ပါသနည်း။

၂။ ။ဤသံချိုကိုအထောက်အထားပြု၍ ဦးကျော်လှ၏အတ္ထုပ္ပတ္တိကို ခန့်မှန်းပြပါ။

၃။ ။အထက်က ဖတ်ခဲ့ရသော သံချိုလေးပုဒ်တွင်–

(က) ဦးကျော်လှ၏ စကားအသုံးအနှုန်းနှင့် ဝါကျဖွဲ့ထုံးတို့သည် နားလည်ရန် လွယ်သသား။ ခက်သလား။ အဘယ့်ကြောင့်နည်း။

(ခ) ခန့်ညားသံပါသလား။ မေတ္တာသံ ပါသလား။ ရယ်မောသံပါသလား။ ညှိုးငယ်သံပါသလား။ ရှာကြည့်ပါ။



## ရီးရွှေဒုတ်ငှက်

(တေးထပ်)

ရွှေလက်မ ကလေးခန့်လိုနှင့်
သေးအဟန့် ငယ်စွာ
တေးဖြန့် ဘယ်ညာ
ကျယ်စာစာ မြည်ရင့်။

နက်ကျုတ်ကျုတ် ငှက်နုပ်ငယ်
ရွှက်အုပ်ကွယ် နားရှာလိုက်ထင့်။

ဟန်နွဲ့လို့ ပျံဝဲခုန်သည်
ကံနဲ့ပုံမူနှင့်
သံကွဲ့စုံ ကျူရင့်လို့
ငူအမြင့် ဟောဝန်။

ညှိုးငယ်ငယ် ရိုးနယ်စဆိက
မျိုးနွယ်တာ ခွန်းဆင့်သံဝှန်။

မိုးလယ်ဝ ဆန်းစလွန်သည်
လျှမ်းပမွန် ချိပ်ပန်းနှင့်
အိပ်တန်းဝင့် မြီးခြေလှုပ်လေ
ရီးရွှေဒုတ်ကော။

ကျူးရင့်လို့ ထူးခွင့်ပွေသည်
ရှူးသင့်ပေ မြင်တိုင်းပါ့လေး။

ကွမ်းရေတော် မောင်မောင်ဖိုး။

**ဆွေးနွေးခန်း**

(ဤကဗျာကို ဟေမဝန်ဗွေထွက် ရှီးရွှေဒုတ်ငှက်ဘွဲ့ဟူ၍ ဆိုလေသည်။ ဟေမဝန်ဗွေ ဆိုသည်မှာ၊ စလင်း ဦးမြတ်သာဒွန်းဖွဲ့ခဲ့သော "ဟေမဝန်ဗွေ"ချီရှာပုံတော် သီချင်းဖြစ်သည်။)

၁။ ။ငှက်ငယ်၏ အမူအရာများကို ရေးပါ။

၂။ ။ငှက်ငယ်၏ အမူအရာများအနက်၊ မည်သည့် အမူအရာသည် ချစ်စရာ အကောင်းဆုံးဖြစ်၍၊ မည်သည့် အမူအရာသည် သနားစရာ အကောင်းဆုံးဖြစ်သနည်း။ အကြောင်းပြပါ။

၃။ ။ငှက်ငယ်ကို "ရှူးသင့်ပေမြင်တိုင်းပါ့လေး" ဟု မှတ်ချက်ချထားရာ၊ သင့်ပါသလား။ သင့်ထင်မြင်ချက်ပေးပါ။

၄။ ။ဤကဗျာတွင် ဥပမာအလင်္ကာကိုရှာပါ။ ထိုဥပမာအလင်္ကာကို သင် သဘောကျ၏လော။ အဘယ့်ကြောင့်နည်း။



**သံဝေဂ ကေပိုဒ်**

**(ရတု)**

[ (၁) သံဝေဂကေပိုဒ်ရတု (၂) မန်းမကိုဋ်လေးချိုးကြီး (၃) သဉ္ဇုံးသုံးဝကေပိုဒ်ရတုတို့သည် သီပေါမင်းတရား ကုလားလက်သို့ ပါတော်မူခြင်းတွင် အခြေပြုသော ကဗျာများဖြစ်ကြသော်လည်း မည်သည့်ကာလ မည်သည့်ဒေသနှင့် မဆို ဆီလျော်သော ကဗျာများဖြစ်ကြသည်။ သီပေါမင်းတရားသည် မြန်မာ့ လွတ်လပ်ရေး၏ အထိမ်းအမှတ် မျှသာ ဖြစ်သည်။ မင်းသည် တိုင်းပြည်လွတ်လပ်ရေး၏ အထိမ်းအမှတ်မျှသာ ဖြစ်သည်။ လွတ်လပ်ရေး ဆုံးရှုံးရခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ ဤကဗျာ သုံးပုဒ်တွင် အကြောင်း ၂ - မျိုးကို ဖော်ပြထားသည်။]

မှတ်ပါရစ်စေ၊ မှာခဲ့ပေအံ့။
သံဝေဓမ္မ၊ ယူကုန်ကြလော့။
သုဒဿန၊ မြို့မသခင်၊သူရာစင်လျက်
လုလင်မာဃ၊ ဦးစောက်ချ၍
အမရဝတီ၊ ပူရီပြည်လုံး၊ လက်ရကျုံးသို့
ထုံးနှင့်တူလစ်၊ဂေါဇာစစ်မူ၊ကော်ဒွေးဇောသတ်
လမြတ်ထွန်းပြောင်၊ တန်ဆောင်သရဒ
ကဏှပက္ခ၊ ဆဋ္ဌပူးရက်၊ နေဝန်းထွက်အောင်
ရှစ်မျက်လောကဓာတ်၊ကောင်းကင်လတ်မှ
ပြာသာဒ်ကုဋ္ဌေ၊ ကြယ်ကျွတ်ကြွေရှင့်။
နေတဖန်ထွက်၊ သတ္တရက်ဝယ်
လက်နက်လျှံထိန်၊ စွဲကိုင်ချိန်သား
ဣန္ဒြိယတိုင်းသား၊ ရဲယောကျ်ားတို့
ပတ္တမြားစီရံ၊ ရွှေနန်းယံသို့

ချံ့ချံ့ဝင်ရောက်၊ ရှစ်ရက်မြောက်က
အနောက်ဂေါယာ၊ နေဝါလျှောသက်
ဂဠုန်ရက်တွင်၊ သုံးချက်ကျော်ပြီ
ဒွါဒသီဝယ်၊ မှီသည့်ဖွဲ့စွာ
ဂရုဋ္ဌာမှတ်၊ ဆဒ္ဒန်မြတ်မှ
ပူးနတ်မနု၊ ရာဟုစန္ဒာ
သိဟ်သိဟာနှင့်၊ ဇီဝါကန်နေ
နဂါးမြေလည်း၊ မေထုန်ပျော်လျက်
မိဿလဂ်တွင်၊ နက္ခတ်စင်ရုံး
ဆယ်လုံးတပါဒ်၊ လေးမှတ်ဗိဇနာ
ပွားလာရက်ချိန်၊ ရွှေရွှေထိန်သား
သုဒ္ဓိန်နှစ်ရာ၊ နောဝီသာ၌
မြန်မာဘုရင်၊ ဇာတာပြင်လည်း
မသန့်စင်ကြိုက်၊ နိစ်ပြဆိုက်က
မှားမိုက်လှစွာ၊ ကိုယ်မှီရာကို
ကိုယ်သာဖျက်ဆီး၊ ဖိကာစီးသည့်
မှူးကြီးမတ်ငယ်၊ မာလောနွယ်တို့
ဝှက်ကွယ်လှည့်ဝိုက်၊ သူ့ဖက်လိုက်၍
စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်
နှစ်ဆဲ့ခုနစ်နှစ်၊ နန်းစံရှစ်တွင်
ကာသစ်ဘုံနေ၊ သိကြားကြွေသို့
ချက်ရွှေသိုရာ၊ မန်းပြည်သာမှ
မိစ္ဆာမောဟ၊ ပြွမ်းပြွမ်းထသည်
ကုလာ့နိုင်ငံ၊ လွှဲပြောင်းစံရှင့်။
လောကဓံအင်္ဂ၊ သဘာဝကြောင့်



ဂေါတမဘုန်းခေါင်၊ သာနာရောင်လည်း
မပြောင်မရှန်း၊ အမှောင်စွန်းခဲ့။
ကျွန်းသပြေဒီ၊ ရေဏီထက်
ခိုမှီနေရှိး၊ မြန်လူမျိုးတို့
လန့်စိုးထိတ်လ၊ သံဝိဂ္ဂဖြင့်
ဖြစ်ကပျက်မြဲ၊ မလွှဲစသာ၊ ကြုံကြလာသား
သံသရာသဘော၊ တွေ့ရသြဟု
စိတ်ဇောသိမ်မွေ့၊တထေ့ထေ့ဖြင့်
စေ့စေ့မှတ်သား၊ထပ်ထပ်ပွား၍
တရားသံဝေ ယူကြလေ။ ။

ဆီးဘန်နီ ဆရာတော်။

## ဆွေးနွေးခန်း

(မှတ်ပါရစ်စေ–ချီ ဤရတုနှင့် နောက်တွင် တဆက်တည်း လာသော ကဗျာ၂ပုဒ်သည် သီပေါမင်းတရား ကုလားနိုင်ငံသို့ ပါတော်မူသည်ကို အခြေခံ၍ ဖြစ်ပေါ်လာသော ကဗျာများ ဖြစ်ကြသည်။ သီပေါ မင်းတရားသည် မြန်မာနိုင်ငံ လွတ်လပ်ရေး၏ အထိမ်းအမှတ်ဖြစ်သည်။ သိမ့်နိုင်သော မြန်မာနိုင်ငံ၏ သမိုင်းကိုကြည့်လျှင် တိုင်းရင်းသားတို့သည် မည်သည့်အခါမျှ လွတ်လပ်ရေး ကျဆုံးခဲ့သည် မရှိချေ။ နိုင်ငံခြားသား လာရောက်၍ အုပ်စိုးဘူးသည်ဟု မရှိချေ။ ဗြိတိသျှတို့နှင့် ရန်စစ် ဖြစ်သည့်အခါတွင်မှ တတိတတိနှင့် နိုင်ငံ၏လွတ်လပ်ရေး လုံးဝကွယ်ပျောက်ခဲ့ရလေသည်။ ထိုသို့ လွတ်လပ်ရေး ကွယ်ပျောက်သွားသဖြင့် မြန်မာတိုင်းရင်းသားတို့သည် ယူကျုံးမရ ဖြစ်ကြကာ အနည်းနည်းဖြင့် မိမိတို့၏ ဆန္ဒကို ဖော်ပြကြရာတွင် ဤကဗျာများလည်း အပါအဝင် ဖြစ်လေသည်။ ဤကဗျာများသည် တိုင်းရင်းသားတို့၏ နှလုံးထဲမှ စစ်၍ စီးယိုကျလာသောကဗျာများဖြစ်သည်။ မှတ်ပါရစ်စေ ချီ ဤကဗျာတွင်


လွတ်လပ်ရေး ကွယ်ပျောက်ရခြင်း၏ အကြောင်းတရပ်ကို ဆီးဘန်နီ ဆရာတော်သည် မိမိထင်မြင်ယူဆသည့်အတိုင်း တင်ပြထားသည်။)

၁။ ။သီပေါမင်းကို ကုလားတို့ နန်းချ၍မြန်မာပြည်ကို သိမ်းသည်မှာ အသူရာကို မာဃလုလင်နန်းချ၍ အမရဝတီပြည်ကို သိမ်းသည်နှင့် တူသည်ဟု ကဗျာဆရာ ဥပမာခိုင်းသည်။ သီပေါမင်းသည် အသူရာကဲ့သို့ သေသောက်ကြူးသည်ဟု ဆိုလိုသလား။ ကုလားတို့သည် မာဃလုလင်ကဲ့သို့ သူတော်ကောင်းဖြစ်သည်ဟု ဆိုလိုသလား။ သို့မဟုတ်ပါက မည်သည့် တူညီသော ဂုဏ်ကို အဓိကထား၍ ကဗျာဆရာသည် ဥပမာခိုင်းပါသနည်း။

၂။ ။သီပေါမင်းသည် မည်သည့်သက္ကရာဇ်၊လ၊ရက်၊နေ့တွင်ကုလားနိုင်ငံသို့ လွှဲပြောင်းစံရသနည်း။ ရှိုးရှိုးရှင်းရှင်း ရေးပြပါ။

၃။ ။သီပေါမင်း ပါတော်မူသည့် အချိန်ကို ဤရတုတွင် ပါသည့်အတိုင်း တခမ်းတနားရေးပြထားသည်မှာ အဘယ်အကြောင်းကြောင့်ဟု ထင်ပါသနည်း။

၄။ ။ရတုတွင် ပါသည့် အချိန်ကာလကို ရုပ်လုံး ဖော်ရလျှင် အောက်ပါအတိုင်း တွေ့ရလိမ့်မည်။ မိမိ၏ဇာတာ သို့မဟုတ် တခုခုသော ဇာတာတွင် တွေ့နိုင်သည့်ရုပ်လုံးဖော်ပုံနှင့် နှိုင်းရှည့်ကြည့်ပါ။




| | |
|---|---|
| နက္ခတ် | ၁၀ |
| ပါဒ် | ၁ |
| ဗီဇနာ | ၄ |
| သုဒ္ဓဒိန် | ၂၂၉ |



၅။ ။သီပေါမင်း ပါတော်မူရခြင်း (တနည်းအားဖြင့်) မြန်မာနိုင်ငံ၏ လွတ်လပ်ရေးပျောက်ဆုံးရခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သည်ဟု ကဗျာဆရာ ဆိုပါသနည်း။ ဆီလျော်ရာစာပိုဒ်တို့ကို ထုတ်ဆောင်ကိုးကား၍ ဖြေဆိုပါ။

၆။ ။ကဗျာဆရာက မည်သို့ တရားချပါသနည်း။ နောင်လာနောက်သားတို့က ထိုတရားကို လိုက်နာကြပါသလား။

၇။ ။ဤရတုလာ ပါဠိနှင့် သက္ကတဘာသာတို့မှ ဆင်းသက်သော စကားလုံးတို့ကို ရွေးထုတ်ပြီးလျှင် ဗေဒင်သုံး၊ ပိဋကတ်သုံး၊ အခြားနည်းသုံး ဟူ၍ ခန့်မှန်းခွဲခြားဝေဖန်ပါ။

၈။ ။ယခုခေတ်ပေါ် ဝိဇ္ဇာပညာ သိပ္ပံပညာတို့ကို မြန်မာဘာသာဖြင့် ရေးသားပြုစုရာတွင် ပါဠိသက် စကားလုံး သက္ကတသက် စကားလုံးတို့ကို သုံးကြပါသေးသလား။ မိမိတို့ ကျောင်းသင် ပညာရပ်များမှ သက်သေအနည်းငယ် ရွေးထုတ်ဖော်ပြပါ။

၉။ ။ဤရတု၏ ဆိုလိုရင်း အချက်ကို ဝါကျ အနည်းငယ်ဖြင့် သံခိပ်ရေးပါ။

၁၀။ ။ဤရတု၌ **မဓုရတာဂုဏ်** မြောက်သော အသံ၊ **ဩဇဂုဏ်** မြောက်သောစကား၊ **ဥပမာအလင်္ကာ**ရသောအနက်၊ **ရူပကအလင်္ကာ**ရသောအနက်တို့ကို ရှာ၍ ရှင်းပြပါ။

## မန်းမကိုဠ်

(ရွှေးလေးချိုးကြီး)

မန်းမကိုဠ်မှာမှ၊ နန်းသိုက်ရ ရွှေဘုံကို
မြေ၀သုန် ကပ်ဆုံးအောင်ပါ့
မှတ်ထုံး နောင်ပေါ် ထွန်းစေဖို့
မော်ကွန်း တင်ဆက်တဲ့၊ မင်ရွှက်စာ။ ၁။

သမတ နှုန်းဆောင်
ရွှေဘုန်း ငယ်ပြောင်သည်၊ ကုန်းဘောင်ပ၀ရ
နေသမ္ဘိန်ငယ်၊ အာဟိန္ဒမှ
၀ံသလှစ်ထွေ၊ ဆယ်ဆင့်နေလျှင်၊ မြေဇမ္ဗူစိုး
မြို့နန်းငယ်ထူသည်၊ ရိပ်ဖြူမိုးက
ရှေးရိုးစဉ်ဆက်၊ ထုံးမပျက်၍
နှုန်းဖက်ကယ်စံကွာ၊ ဘုန်းအာဏာဖြင့်
ရေစာမရှား
မိစ္ဆာရန်ငယ်၊ မာန်မထား၍
ဖြစ်ပွားသာနာ၊ ပွင့်လင်းသာဖြာတော့ပါ့
ရေကြာတွေ့ ပုံတူလို
များဗိုလ်လူရှင်ရဟန်းငယ်တို့
နိဗ္ဗူ စိတ်ယူ မှန်းရှာကြ၊ ချမ်းမြကြည်စွာ။ ၂။

ဆဲ့တဖြာငယ်၊ နေအာဒိစစ်
ဖရာစိုးသည့်၊ ဖြူမိုးလှစ်က
အနှစ်ပညာ၊ အရှင်းကွာ၍
စဉ်လာမင်းသုံး၊ ရှေးကျင့်ထုံးကို၊ အလုံးပစ်လွှဲ



ငွေနှင့်မြူလျှင်၊ လူပေပဲဟု
စိတ်စွဲမှတ်ကျုံး၊ တိုင်းအလုံးကို
စျေးနှုန်းနှင့်ထပ်၊ အမွေအပ်သော်
မကာပ်တရား၊ ရွှေဆောင်နွှားကြောင့်
နောက်သားတ၀ိုက်၊ လမ်းကောက်လိုက်သို့
အမိုက်ဖျင်ပြွမ်း၊ လူရဟန်းတို့၊ မချမ်းမသာ
ရေစာမွတ်ရှား၊ ခိုးသားမုဒိမ်း
တရားမမှန်၊ ကျင့်ဖေါက်ပြန်သည်၊ ရန်မငြိမ်း၍
ကိန်းသေမခွ၊ ကောသလ၏
သောဠသစာ၊ ဤရာဇာကို
မြတ်စွာရှင်စောက မြွက်ဖေါ် ဘိ။ ၃။

စိန္တေ့ထွတ်ဖျား၊ မိန့်တော်ထားသည်
ထင်ရှားရှိလျက်၊ မည်သူ့တွက်ဟု
ငဲ့ကွက်ပြစ်ဆာ၊ မတင်သာခဲ့။
ဂေါဇာနှစ်တုံ၊ ဂဋ္ဌုန်နှင့်ကျား
ဆင်နဂါးတို့၊ ပျော်ပါးစဉ်ပ
ကြာငါးစုံငယ်၊ ကြိုင်ထုံစမ္ပို၊ လကြတ္တိကာ
ပုဏ္ဏာကျော်တက်၊ ဆဌရက်တွင်
ထက်အာကာကြီး၊ လေခရီးမှာ
မီးလျှံ့သဖွယ်၊ ဥက္ကာကြယ်တို့
သွတ်လှယ်ကူးလတ်၊ တိထိသတ်တွင်
မြတ်ရွှေနန်းတွင်း၊ ရန်စစ်ချင်း၍
မင်းကိုကိုင်မြောက်၊ ရှစ်ရက်ရောက်က
နောက်ဂေါယာခန်း၊ ၀င်ချိန်ယွန်း၀ယ်

မန်းဇမ္ဗူဘုန်း၊ ကံမကူသည်၊ ရန်သူမှုန်း၍
တိုင်းလုံးပစ်ခွါ၊ သူဆောင်ရာ ပါတော့ပါ
သခ်ၤါရ ဖြစ်ပုံကို၊ စိတ်အာရုံ ထင်မနေ့ာငယ်နှင့်
စောတော့ ဥဘဏ်ရှိ။ ၄။

မဟာဒါန်ဝန် ဦးရွှေဝ။

**ဆွေးနွေးခန်း**

(ဤကဗျာသည် မှတ်ပါရစ်စေ—ချီရတုကို ပြန်လည် ချေပချက်ဖြစ်သည်။ ချေပချက် ဖြစ်သည်နှင့်အညီ ကဗျာဆရာသည် လွတ်လပ်ရေး ကွယ်ပျောက်ရခြင်း၏ အကြောင်းကို မိမိထင်မြင်ယူဆသည့်အတိုင်း တမျိုးတဖုံ တင်ပြသည်။)

၁။ ။ကုန်းဘောင်ဆက် ရာဇဝင်တွင် ဆယ်ဆင့်မြောက်မင်းကား မည်သူနည်း။ ဆဲ့တဆင့်မြောက်မင်းကား မည်သူနည်း။ ထိုမင်းနှစ်ပါးတို့၏လက်ထက် တိုင်းပြည်၏အခြေအနေကို ကဗျာဆရာက မည်သို့နှိုင်းရှည့်ပေါ်ပြထားပါသနည်း။ အခြေအနေချင်း မတူသည်မှာ မည်သည့်အကြောင်းကြောင့်ဟု ဆိုပါသနည်း။

၂။ ။လွတ်လပ်ရေး ကွယ်ပျောက်ရခြင်းမှာ ကောသလအိပ်မက် တဆဲ့ခြောက်ချက်တွင် အချို့အချက်တို့နှင့် ကိုက်ညီသောကြောင့် ဖြစ်သည်ဟု ကဗျာဆရာဆိုချင်သည်။ မည်သည့်အချက်တို့ပါနည်း။

၃။ ။ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်။ ရှေးထုံးပယ်က လွဲတတ်သည်။ ဈေးသုံးလွယ်က မွဲတတ်သည်—ဆိုသောစကားပုံတွင် ရှေးထုံးလည်းမပယ်နှင့်ဆိုသော စကားပုံကို အကြွင်းမဲ့ ထောက်ခံမည်လား။ အကြောင်းပြ ဖြေဆိုပါ။

၄။ ။မှတ်ပါရစ်စေ—ချီရတုတွင် မှူးကြီးမတ်ငယ်တို့ကို မည်သည့်အရာနှင့် ဥပမာခိုင်းပါသနည်း။ ဤကဗျာတွင် သီပေါမင်းကို မည်သည့်



သတ္တဝါနှင့် ဥပမာခိုင်းပါသနည်း။ ဤဥပမာတို့သည် မြန်မာတို့၏ ကိုယ်တွေ့ဥပမာများလား။ အခြားမှတဆင့်ခံယူရသော ဥပမာများလား။

၅။ ။ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်—ဆိုသော စကားတွင် အဓိပ္ပါယ် ၂ မျိုးရှိသည်။ မည်သည်တို့ပါနည်း။ မန်းမကိုင်၍ ကဗျာဆရာသည် ယင်းအဓိပ္ပါယ် ၂မျိုးလုံးကို ထောက်ခံပါသလား။

၆။ ။ဆီးဘန်နီဆရာတော်နှင့် မဟာဒါန်ဝန်တို့၏ ကဗျာ ၂ ပုဒ်ကို အခြေပြု၍ စကားအချေအတင်ပြောပုံ အကျဉ်းချုပ်တရပ် ရေးပြပါ။

## သုဥ်းသုံးဝ ကေပိုဒ်

(ရတု)

တဖန်မှတ်စေ၊ ထပ်၍ဖြေပိမ့်။
သံ့ဝေရမူ၊ ရှေးကပြုသည်
ရတုဖိုးထိုက်၊ ကေပိုဒ်ကို
လိုက်၍ဖြေပေ၊ ဥာဏ်ကဝေတို့
ဖြစ်လေရှေးက၊ ကောသလ၏
သောင္ဃသဇာတ်၊ အင္ဃုပ္ပတ်နှင့်
သတ္တဝါကြမ္မာ၊ သခ်ါတရား
နွားလားရှေ့ဆောင်၊ ပမာမြှောင်လျက်
မင်းခေါင်ကိုသာ၊ ပြစ်ရှာဖန်ဖန်
ဆိုပြန်ဘိဘိ၊ ထိထိပါးပါး
စကားဖေါက်လှဲ၊ ကိုယ်ကိုလွှဲလည်း
မလွှဲစသာ၊ ဤအရာဝယ်
ပမာထင်ထင်၊ ကဗျာတင်က
ပေါက်ပင်ကိုင်းညိတ်၊ ဗျိုင်းနိမိတ်ကို
ဖိုလ်ဟိတ်စပ်ကာ၊ ဟပ်၍ရှာမူ
သတ္တဝါ ဘူဇဂ၊ ချင်းမူလဟု
သိရသော့နှယ်၊ မလွတ်ဖွယ်တည့်။
နွယ်မာလောည္ဆန့်၊ ဆင်ခြေကွန့်လည်း
မလွန့်စသာ၊ အကြောင်းမှာကား
ငယ်စွာနုမျစ်၊ ကြလိုမျှစ်သို့
မြေးမြစ်အလား၊ မင်းနှစ်ပါးတို့
တိုင်းကားနှင်းထပ်၊ ကိုယ်ကိုအပ်၍



ပညပ်စေကြောင်း၊ မှူးမတ်ပေါင်းအား
ဆိုးကောင်းအရေး၊ လွှဲပေပေးလျက်
တရွေးတရတီ၊ တဗိဇ္ဇဝါ၊ တမြူလွှာမျှ
ရသာအထူး၊ ဂုဏ်ကျေးဇူးကို
မှူးမတ်ထံမှ၊ မခံရရှင့်။
သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍
ကုန်းဘောင်နေမီး၊ မထိန်ညီးက
တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်
ထီးသုဥ်းနန်းသုဥ်း၊ မြို့သုဥ်းသုည၊ သုဥ်းသုံးဝဖြင့်
သုဥ်းရပြန်လစ်၊ သုညခေတ်ဝယ်
ဖြစ်လာရလေ၊ တို့တတွေသည်
သေသော်မှတည့် ခြေသြင်ကောင်း၏။ ။

ဆီးဘန်နီဆရာတော်။

**ဆွေးနွေးခန်း**

(ဤကဗျာသည် အထက်ပါကဗျာ ၂ပုဒ်ကို စုပေါင်းဝေဖန်လိုက်သောကဗျာဖြစ်သည်။ သူတပါးလက်အောက်တွင် ကျွန်သားပေါက်ဘဝဖြင့်နေရသူအတွက် သေရခြင်းသည် ရှင်ရခြင်းထက်မြတ်သည်ဟု ကဗျာဆရာ ညည်းလိုက်သည်မှာ အံ့ဖွယ်တရပ် ဖြစ်ပေသည်။)

၁။ ။ပေါက်ပင်ကိုင်းညိတ်၊ ဗျိုင်းနိမိတ်ဆိုသောစကားနှင့် သက်ဆိုင်သည့် ကလေးသူငယ်တို့ သိဆိုလေ့ရှိသော အမေးအဖြေ စကားတို့ကို အပြည့်အစုံ စီစဉ်ရေးပြပါ။

၂။ ။နွယ်မာလောည္ဆန့်၊ဆင်ခြေကွန့်လည်း-ဆိုရာတွင်မာလောည္ဆန့်ကား မည်သူတို့ကို စောင်းချိတ်ပြောဆိုသောစကားနည်း။ ဆင်ခြေဆိုသည်ကား အဘယ်တို့နည်း။

၃။ ။ငယ်စွာနုမျစ်၊ ကြလိုမျှစ်သို၊ မြေးမြစ်အလား၊ မင်းနှစ်ပါးတို့ ဆိုရာဝယ်— (နု) မျစ်၊ မျှစ်၊ မြစ်တို့၏ အနက်ခြားနားချက်ကို ဖေါ်ပြ၍ ယင်းစကားလုံးတို့၏ အနက်ပေါ်လွင်အောင် ဆီလျော်စွာ ဝါကျတခုစီ ဖွဲ့ပြပါ။

၄။ ။သုဦးသုံးဝ - ဆိုရာတွင်၊ သုဦးနှင့်သုံး စကား ၂ လုံးသည် အသံချင်းတူပါသလား။ အရေးချင်းတူပါသလား။ အနက်ချင်း တူပါ သလား။ အမျိုးချင်းတူပါသလား။ ထင်ရှားအောင် ရှင်းပြပါ။

၅။ ။နိုင်ငံတော်၏ လွတ်လပ်ရေး ကျဆုံးရသည်မှာ မူးမတ်တို့ ကြောင့်ဖြစ်သည်ဟု ကဗျာဆရာ တိုက်ရိုက်ဆိုပါသလား။ မည်သို့ သွယ် ဝိုက်၍ ဆိုပါသနည်း။ ကဗျာစကားတို့ကို ထုတ်ဆောင် ကိုးကား၍ ရေးပါ။

၆။ ။ယခုခေတ်တွင် နိုင်ငံတော်အလံနှင့် နိုင်ငံတော် သီချင်းသည် လွတ်လပ်ရေး၏ အထိမ်းအမှတ်များဖြစ်ကြသည်။ ရှေးအခါက မည်သည့် အရာတို့ ဖြစ်ကြသည်ဟု ထင်ပါသနည်း။ ကဗျာစကားကို ထုတ်ဆောင် ကိုးကား၍ရေးပါ။



## လက်ပံမြိုင်ငှက်

(တေးထပ်)

(ငါးရာ့ငါးဆယ်နိပါတ်၊ ဇာတ်အမှတ် ၂၁၀၊ ကန္ဒဂလက (ကလန္ဒက) ဇာတ်ရှု။)

မတူတန် တုဖက်က
မှုအချက် မှားရန်
လက်ပံမြိုင် ဌာနစံဝယ်
အာကမာန် ပိတ်ဖုံး။
ရှားတောငှက် ဂနိုင်စံကို
မပြိုင်တန် သင်းပြိုင်လို့ရှုံး။
ခုလောက လူရှင်
မှုအစဉ် လက်သုံး
လေက်ပံ ငှက်ထုံး
တသက်လုံး စွဲမှီ။
ဆရာ အခွါစော
ငါတကော ကောကြရမည်။
မိသောဖသော နားမလည်တယ်
အသားအရည် သူကကြီးလို့
အိုးသီးအိမ်သီး တဂုဏ်တသိန်
ခွဲတဲ့ရမှ မြိန်။
ကိုယ့်ပမာဏ နှိုင်းမချိန်တယ်
အနက်အတိမ် ထောက်ထားပြီဘုလေး။ ။

လယ်တီဆရာတော်။

**ဆွေးနွေးခန်း**

(ဤတေးထပ်သည် လယ်တီဆရာတော်ဘုရားက တပည့်ဖြစ်သူ မောင်ဩဇာကို ရေးပေးသော ဆုံးမစာ တေးထပ်ဖြစ်သည်။)

၁။ ။မတူလျှင် မတုနှင့်–ဆိုသော စကားပုံ ထင်ရှားအောင် ဤတေးထပ်လာ နိပါတ်တော်ကို ပြန်လည်ရေးပြပါ။

၂။ ။မတူလျှင် မတုနှင့်–ဟု ဆိုသဖြင့် တူလျှင်တုလေ့–ဟုဆိုရာ ရောက်သည်။ ကျောင်းသားဘဝတွင် မည်သည်တို့ကို တုလျှင်ကောင်းမည် ထင်ပါသနည်း။ စာကြောင်းရေ ၂၀ ခန့်ရေးပါ။

၃။ ။ရှားပင်နှင့်လက်ပံပင် မည်သို့ခြားနားပါသနည်း။ ဤတေးထပ်တွင်ပါသော ငှက်တို့သည် ဘာငှက်မျိုးနည်း။ သူတို့၏အမူအကျင့်ကို သိသမျှ ရေးပြပါ။



## ဩဝါဒ

(တေးထပ်)

မျက်မြင်မှာ ဉာဏ်တွဲလို့
အနဲနဲ ရှုပါ
ငရဲနှင့် လူ့ရွာ
ခုအခါ မခြား။

မီးသုံးရပ် ဗလောင်ဆူ
အကောင်ပူ သင်းတို့ဖြစ်လား။

စိတ်ရတက် အညစ်ထူ
အပြစ်မူ ထွေပြား
တတွေတွေ သေလို့သွားလျှင်လ
တဖွားဖွား အောက်မှာ။

ယမနယ် ဘုံအနှုန်း
အကုန်လုံး စုကြမည်သာ။

သို့ကလောက် လူ့ငြမ်းဟာကို
ရှုစမ်းပါ ညီလှရဲ့
မှီသမျှ ဉာဏ်ကုန်မျှော်နော်
ရောလို့ မတော်။

အလိုလိုက်လို့ အငိုက်ချော်လျှင်
တဟိုက်ဟော်ဟော် ညီမောရှာလိမ့်လေး။

လယ်တီဆရာတော်။

## ဆွေးနွေးခန်း

(ဤတေးထပ်သည် လယ်တီဆရာတော်ကြီးက တပည့် ဦးသူရိန္ဒအား ရေးပေးသော ဆုံးမစာတေးထပ်ဖြစ်သည်။)

၁။ ။ရေပြည်နှင့်လူ့ပြည် အတူတူဖြစ်သည်ဟု လယ်တီဆရာတော် မိန့်ဆိုသည်။ မည်သို့တူပါသနည်း။ ဤသို့တူသည်ကို မည်သို့ရှုမှ မြင်ပါသနည်း။

၂။ ။မီးသုံးရပ် ဗလောင်ဆူ - ဟူရာဝယ် မီး ၃ ရပ်ကား အဘယ်နည်း။ ဤမီးများလောင်နေသည်ကို ဤကမ္ဘာတွင် သတိပြုမိပါသလား။ စာအကြောင်း ၂၀ ခန့် ရေးပြပါ။

၃။ ။မို့သမျှ ဥာဏ်ကုန်မျှော်၊ ရောလို့မတော်။ ။အလိုလိုက်လို့ အငိုက်ချော်လျှင်၊ တဟိုက်ဟော်ဟော် ညီမောရှာလိမ့်လေး—ဆိုရာတွင် ရောလို့မတော်ကား မည်သူက မည်သူနှင့် ရောသည်ဟု ဆိုလိုမည်ထင်ပါသနည်း။ အလိုလိုက်ကား မည်သူက မည်သူ့ကို အလိုလိုက်သည်ဟု ဆိုလိုမည် ထင်ပါသနည်း။ အကြောင်းပြ ဖြေဆိုပါ။



## လှည်းယဉ်

(လေးဆစ်)

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။

ပျို့တို့လူ ယာမလုပ်တယ်
ဝါးခုတ်တဲ့ တောင်။

နွားညီနောင်
စည်အောင်ပ ဖေကျောင်း။

မယ်နှင့်မောင် အတူနေရမှ
ဆူဝေအောင် ချူတွေဆွဲလို့ရယ်
လှည်းယဉ်နဲ့ မောင်း။ ။

မသိ။

## လှည်းယဉ်ထပ်ချဲ့

(လေးချိုး)

ညို့ကုန်းယံ ချောက်နံဘေးမှာလ
တို့ဘုန်းကံ အလျောက်မွေးရေ့ထင့်
တခေါက်ပြေးမှဖြင့် မိုးထိုးမယောင်
ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။

နှစ်ကိုယ်ချိုတာကြောင့်
ချိုဘို့တူ နွားပြာတုတ်တွေနဲ့
ပျို့တို့လူ ယာမလုပ်တယ်
အားထုတ်မဲ့မောင်မှာနော်ကွယ်
ဝါးခုတ်တဲ့တောင်။

ဟဲ့ဆိုကာ ကြိမ်တံမြှောက်မှဖြင့်
လှည့်လိုရာ တိမ်ယံရောက်နိုင်ငဲ့
အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်
စားအိအောင်ဗျ ညနေစောင်း
အားစည်အောင်ပ ဝစေကျောင်း။

ဆောင်ခွင့်ကိုရွယ်
မောင်နှင့်မယ် တူယှဉ်တဲ့ပါလို့
နောင်တင့်တယ် လူမြင်ရဲခါမှ
ယူငင်ကာ ချူဆင်လို့ ဆွဲပါ့မယ်
ပွဲဝင်မဲ့ ချောင်းသူ့ရဲ
လှည်းယဉ်နဲ့မောင်း။ ။

သတိုးပီယ။

## လှည်းယဉ်တော်ကြွကြွ
(လေးချိုး)

ပွဲဆင်တော် ပြသပေးရန်မို့
လှည်းယဉ်တော် ကြွကြွလေးရယ်နဲ့
မမလေးကိုတဲ့ လိုက်ဖို့ခေါ်။

တချို့က ချောသနဲ့
တို့တောနယ် ရွာတစဉ်မှာတော့
မြို့ကျောဖွယ် တန်ဆာဆင်ကြပုံက
အပြာတွင် မဲရောင်ခရမ်းရယ်နဲ့
ပဝါဆင် ဖဲစောင်မှဆန်းတယ်လို့
ထာဝစဉ် ပွဲဘောင်ကိုမြန်းကြတယ်



ကဲပြောင်ခန်း ပေါ်တယ်နော်ကွယ်
လှည်းဆောင်ပန်းပေါ်။

တူပြိုင်ကာ နှစ်ယောက်တွဲပါလို့
ချူမြိုင်စွာ ခလောက်ဆွဲတဲ့ပြင်
နောက်လှည်းက ရှေ့လှည်းကိုကျော်
ဟော့ဟဲ့အော်လို့ သောင်းညံကြွေး
ကျွေလွှဲချော်လို့ မောင်းပြန်သေး။

တို့အလျင်
မြို့အဝင် သညာဂုဏ်ကြောင့်
သို့မှပင် မြင်ခါကြုံတော့မယ်လို့
ပျို့သခင် ရင်ပါခုန်တဲ့အောင်
အားအန်ကုန် သိပ်ကွာမဝေးစေဖို့
ကြွားမာန်ဟုန် ထိပ်ကြာကလေးရယ်နဲ့
နွားကြန်စုံ ပီသာပေးတို့ကို
မိုးမော့က နှေးမှာကြောင့်
ကြိုးလျှော့လို့ပေး။ ။

ဦးရာကျော်။

**ဆွေးနွေးခန်း**

၁။ “လှည်းယဉ်”၌ ပါသော နွားကျောင်းသား၏ ဘဝကိုရင်း၊ သူ့ရည်မှန်းချက်ကိုရင်း ခွဲ၍ရှင်းပြပါ။

၂။ ။“လှည်းယဉ်ထပ်ချွဲ” တွင် အထက် အကြောင်းအချက် နှစ်ရပ်ကို မည်သို့ ချွဲ၍ ရေးထားသနည်း။ တခုစီပေါ်ပြ၍ရှင်းပါ။

၃။ ။"လှည်းယဉ်တော်ကြွကြွ" ၌ပါသော ရှခင်းသည် မည်ကဲ့သို့သော ကျေးရွာရှုခင်းမျိုး ပေနည်း။ လုပ်ငန်းဆိုင်ရာ ရှုခင်းမျိုး လား။ အပျော်အရွှင်ဆိုင်ရာ ရှုခင်းမျိုး လား။ ရှင်းပြပါ။

၄။ ။"လှည်းယဉ်တော်ကြွကြွ"၌ ပျော်စရာဖြစ်အောင် မည်သို့ ဖွဲ့ထားသနည်း။ အသက်ပါ၍ ကြွကြွရွရွဖြစ်သည်ဟု ထင်ရသော စာပိုဒ်များကို တွေ့လျှင် ထုတ်ပြပါ။

၅။ ။**နပေထပ်ဂုဏ်** လည်း မြောက်၍ ဆိုလိုရင်း အဓိပ္ပါယ်လည်း အပြည့်ပါ၍ ချောမောခြင်းလည်းရှိသော အဖွဲ့ သုံးဖွဲ့ကို ရှာပါ။

၆။ ။နောက်လှည်းက ရှေ့လှည်းကို ကျော်–ဆိုရာတွင် "လှည်း" ကို (လီး) ဟု ဖတ်မည်လား။ (လဲ့) ဟု ဖတ်မည်လား။ အကြောင်းပြ ဖြေဆိုပါ။



## မဲဇာချောင်
(လေးချိုး)

မဲဇာချောင် တောင်ခြေကလွမ်းပါရ
ပွဲခါညောင် ရေစင်သွန်းချိန်မို့
သဲသာသောင်မြေကျွန်းရယ်က ခွေပတ်လည်။

ရော်လို့သာရမ်းပါရ
တမ်းတကာ တဖိုဖိုနှင့်
ပြည်ရွှေဘို အောင်ဌာနဆီသို့
မြတ်ဘိုးတော် စေတီယတို့ကို
ဦးချစိတ်ရည်။

လေပြည်လာ တုန်ကာအေးတာမို့
နေခြည်ဖြာ ခြုံလွှာနှင့်ထွေးပါရ
ဆွေးသပ ဖြေမတည်
ရေကြည်ကြည်ကျ သွင်သွင်မစဲ။

ဆီးနှင်းငယ်ထန်
မိုးလောက်ပင် ပုံသဏ္ဍာန်မို့
မှုန်ပြာလျှံ တောင်ယံထဲမှာ
မှိုင်းရီလို့မဲ။ ။

အဝေးရောက်မင်း။

## မဲဇာတောင်ခြေ
(လေးချိုးကြီး)

မဲဇာတောင်ခြေ အဝှမ်းနိမိတ်ကွန်းပေပေါ့
သဲသာသောင်မြေ ကမ်းထိပ်စွန်းဆီက
ပွဲခါညောင်ရေ ပန်းဘိသိက်သွန်းချိန်မို့
စာတမ်းအတိတ် ညွှန်းရပါတော့ တခို့ရေညိုနဒီ
မှန်းစိတ်နှင့် လွမ်းရပါတော့ ငါတို့ရွှေဘိုဆီ။

အဆောင်ရဝေကြော့တွင်ဖြင့်
ညောင်ရေနှင့် ကန်တော့နေကျ
အောင်မြေ အမော့ပေပေါ့
ဘိုးတော့်တည်တော်မူတဲ့
မြရွှေဂူ စေတီမြတ်ရယ်နှင့်
ရောင်လျှပ်ကယ် အလျှမ်းအခြေစုံသည့်
နန်းရွှေဘုံ အာရုံပြေးပါလို့
တဆိတ်ပဲ မရှင်ပေါင်
စိတ်ထဲမြင်ယောင်နှင့် တွေးမိပြန်တော့
ဘုရားကျွန်တော်မှာ
အစစညွှန်မျှော်လို့ ဆွေးလှချည်ရဲ့
မအေးသနဲ့ တေးအဖွဲ့တွေနှင့် နေရီရီမှာပါကိုနော်ကွယ်
ဝေးတဲ့ ရွှေပြည်။

ကျောက်ဆောင်အဆွယ်မှာ စမ်းအဖြာဖြာကျတဲ့ပြင်
ချောက်မြောင်ကွယ်ကာ လမ်းရှာမရသော်ကြောင့်
မှန်းကာတမိတော့ စိတ်ဝယ်ရည်



ပိတ်ကွယ်သည်ပ ဝနာလမ်း
ထိတ်ဖွယ်၊ကြည်စရာ့ တခါလွမ်း။

ချောင်ကွေ့မြေ
မြောင်ရှေ့တွင် အထွေထွေပါ့
တောင်ငွေ့ တဝေဝေနှင့်
သွင်းလေပြေ မိုးကူလို့ နှောက်ပြန်တော့
မင်းကဝေ စိုးသူမို့ ကြောက်လှချည့်
နှင်းပေါက်တွေ အဟုန်ထန်၍
ငွေယုဂန် တောင်တော်ဖျားတွင်ဖြင့်
ရထား နေစက်ဝန်းငယ်က
မသွန်းပေါင် ပိတ်ကာဆီးပြန်တော့
ရိပ်ကြီးရာ ဝနာစောင်းတွင်မှ
မွန်းတည့်စေ ဆုယူတောင်းရပါတော့
တယောက်တည်း အဖေါ်မပါသူမှာ
မျှောက်မျှည်း မပျော်ပါကြောင်းသာပ
မြစ်ချောင်းတွေ ခွေစီကာနှင့်
နေခြည်ဖြာ တဖုံနွေးသော်လဲ
လေပြည်လာ တုန်တုန်အေးလှချည့်
ငွေအသွေး ပမာတမျှ သဲသာသောင်မြေကမ်းဆီက
ဖြေမအေးပါလှ မြစ္စာညောင်ရေ ဖျန်းရပါတော့
မြေအဝေးဌာန မဲဇာတောင်ခြေစခန်း။ ။

သတိုးပိယ။

## ဆွေးနွေးခန်း

(ဤမဲဇာလေးချိုး ၂-ပုဒ်သည် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရ အမတ်၏ "မဲဇာတောင်ခြေ" ချိုရတုပါ အကြောင်းအချက် အချို့ကို ပြန်လည် ဖွဲ့ဆိုထားသော ကဗျာများဖြစ်သည်။)

၁။ ။လက်ဝဲသုန္ဒရ ရေးခဲ့သော "မဲဇာတောင်ခြေ" ချိုရတုကို ရှာဖွေဖတ်ရှုပါ။

၂။ ။"မဲဇာချောင်"တွင် မည်သည့် အကြောင်းအချက်များသာ လျှင် ပါသနည်း။ ထိုအကြောင်းအချက်များကို မည်သို့ စီစဉ်ထား သနည်း။

၃။ ။"မဲဇာချောင်"တွင် မည်သည့်စကားများကို မဲဇာတောင် ခြေချိုရတုမှ ယူ၍ သုံးစွဲထားသနည်း။

၄။ ။"မဲဇာတောင်ခြေ" လေးချိုးကြီးတွင် အောက်မေ့ သတိ ရသော အကြောင်းအချက်များကို မည်သည့်အချိုး၌ တွေ့နိုင်သနည်း။ ခံစားနေရသော ဒုက္ခ အကြောင်းအချက်များကို မည်သည့် အချိုး၌ တွေ့နိုင်သနည်း။ အကြောင်းအချက်များ စီစဉ်ထားပုံသည် သင့်ပါ သလား။ အဘယ့်ကြောင့်နည်း။

၅။ ။နပေထပ်ဂုဏ် မြောက်သော်လည်း အဓိပ္ပါယ် မပေါက် မချောလှသော အဖွဲ့များကို တွေ့လျှင် ထောက်ပြ၍ ရှင်းပါ။

၆။ ။"လေပြေ" နှင့် "လေပြည်" စကား ၂-လုံး အကြောင်း ထင်မြင်ချက်ရေးပါ။ လက်ဝဲသုန္ဒရသည် မည်သည်ကို နှစ်သက်သနည်း။



## ပေါ်ရိသာလမ်း

(လေးချိုး)

ဘာမပို တာဝေ့လိုက်တော့
ရာဇဂြိုဟ် သာကေတယ်နှင့်
ဗါရာဏ တက္ကသိုလ်။

အညီ တွေးလိုက်တော့
ဤလေးပြည် ဗဟိုအလယ်ထင့်
ခိုစဖွယ် ထိုဝယ်ခရီးမှာတော့
မှောင်စိုစို ညောင်ညိုကြီးရယ်
ထီး ဖြန့်သလို။

တည်းလှုံမှီ အသွားအလာထောက်လိုက်တော့
လှည်းကုန်သည် ငါးရာရောက်ကရော့ထင့်
နွားစာခြောက်ကိုတဲ့ မြင်သကို
ခွင်စားဖိုရယ်တဲ့ တည်ရာစခန်း။

တောဟိမဝါ
ပေါ်ရိသာ အယူမှားစဉ်က
လူသားကို ခင်မင်လို့
ရှင်ဘုရင် အရာကျရယ်က
မဆင်ခြင် လာသမျှကိုတဲ့
ဟော အမိအရဖမ်းတာကြောင့်
တောအထိကရ ကြမ်းလိုက်ပါဘိ
ပေါ်ရိသာ့လမ်း။ ။

မသိ။

### ဆွေးနွေးခန်း

၁။ ။"ပေါရိသာလမ်း"ပါ တောသည် အစိကအားဖြင့် မြင်သည့်အတိုင်း ဖွဲ့ထားသော သဘာဝတောပေလော။ စိတ်မျက်စိတွင် သဘာဝထက် ဓာတ်နိပါတ်ကို ပို၍ မြင်လာအောင် ဖွဲ့ထားသော တောပေလော။ ရှင်းပြပါ။

၂။ ။တောကို ဖွဲ့ရာတွင် အဘယ့်ကြောင့် ပေါရိသာဒနှင့် တွဲ၍ ဖွဲ့သည်ဟု ထင်ပါသနည်း။

၃။ ။ဤကဗျာ၌ နပေထယ်ဂုဏ်အပြင် အခြားမည်သည့် ဂုဏ်ရှိသေးသနည်း။

၄။ ။ဤကဗျာတွင် ပါသည့် "လှည်းကုန်သည်"ကို (လှိုးကုန်သိ) (လှိုးကုန်သယ်) (လှဲကုန်သိ) (လှဲကုန်သယ်) ဟူသော အသံထွက်လေးမျိုးအနက် မည်သည့်အသံထွက်နှင့် ရွတ်ဖတ်သင့်မည် ထင်သနည်း။ အကြောင်းပြ ဖြေဆိုပါ။ "ခွင်စားမို"ကိုကော မည်သို့ ရွတ်ဖတ်သင့်မည် ထင်သနည်း။

၅။ ။လှည်းကုန်သည်များ ပေါရိသာလမ်းကို ရောက်သွားသည်ဟု ထင်မြင်ကြောင်း ကဗျာဆရာ ဆိုသည်။ မည်သည့် နိမိတ်လက္ခဏာကို ကြည့်၍ဆိုသနည်း။ ကဗျာပိုဒ်တို့ကို ထုတ်ဆောင်၍ ဖြေပါ။



## တောရှိုင်းမြေ

(လေးချိုး)

ကျိုင်းပိုးထူ မှက်ခြင်သရမ်းလိုက်ပါဘိ
ကိုင်းရိုးကျူ မြက်ပင်သမန်းတွေက
ကွက်ပြင်လမ်းကိုမှ မမြင်ပါ။

ဝနေကြမ်း
ရေစမ်း အိုင်အိုအိုနှင့်
မြိုင်ညိုညို ဂနိုင်ထိုထိုကထွက်လိုက်လျှင်
ကွင်းဖက် လယ်တာ။

ပေါင်းတတွေ ညောင်းခြေမလှမ်းနိုင်ဘူ
ဆောင်းနွေမှာ ခရောင်းမြေက ကြမ်းတာကြောင့်
လမ်းမရှိ ထွန်နှင့်အကွာ
ညွန်နှစ်အမာတွေက မရှောင်သာသကိုး
ပုစွန်ကျစ်စာတွေက တတောင်တထွာမိုး။

ငှူတောင်စွယ်မှာ
ယှူဆောင်သယ် တီထွင်နုတ်ပါလို့
တလင်းထွင် ကွင်းပြင်မလုပ်တာကြောင့်
ရှင်းမထင် ထင်းပင်ကရှုပ်ပါဘိ
ဆူးခလုတ် ခြောင့်တွေကဆိုးတယ်နှင့်
စူးလို့မှ မနုတ်နိုင်ဘူ ဖနောင့်ခြေဖမိုး။ ။

မသိ။

**ဆွေးနွေးခန်း**

၁။ ။တောရိုင်းမြေ ကဗျာကို စကားပြေ ပြန်ရေးပါ။

၂။ ။တောရိုင်းမြေ၏ လက္ခဏာများကို ဖော်ပြပါ။

၃။ ။တောရိုင်းမြေလက္ခဏာ အကြောင်းအချက်များကို မည်သို့ စီစဉ်ထားသနည်း။ ရှင်းပါသလား။

၄။ ။ဤကဗျာကို ဖွဲ့ရာတွင် လွမ်းစရာဖြစ်အောင် ဖွဲ့သည်လော။ လယ်တီရသော လုပ်ငန်း မလွယ်ကြောင်း ပြောပြချင်သောကြောင့် ဖွဲ့သည်လော။ သင်မည်သို့ထင်ပါသနည်း။ ရှင်းပြပါ။



## ကစားရှယ်

(လေးဆစ်)

ရွှေစည်းပုံ သုံးအိမ်နှောပါလို့
မယ်ရှောပ မောင်နှင့်ကွယ်။

ကြောက်ခမန်း
ညောင်နန်းမှာ ဝေလေလေပေါ့
အထွေထွေ တစ္ဆေကိုမေးပါလို့
ပြေးတဲ့အရှယ်။

အင်းမနေ မြေမနင်းရယ်နဲ့
ခေါင်းခေါက်ရင်း ထိပ်ပုတ်တယ်
စိတ်လုပ်မယ်လို့ မကြံဖြစ်။

လသာသာ
ညခါမှာ ဖန်တိုလို့
တန်ကိုနေ့ ်မဆိုရဲရှာဘု
ကစားရှယ် ငယ်ကတဲက
စွဲတဲ့အချစ်။ ။

ဦးရဲခင်။

### ဆွေးနွေးခန်း

၁။ ။မယ်ဘွဲ့လော။ မောင်ဘွဲ့လော။ အကြောင်းပြပါ။

၂။ ။"ငယ်ကတဲက စွဲတဲ့အချစ်"သဘောကို ပေါ်အောင် မည်သို့ဖွဲ့ထားသနည်း။

၃။ ။ရုပ်အလှသက်သက်ကို မြှောက်ကာပင့်ကာ ချစ်ကြောင်းကြိုက်ကြောင်း ဖွဲ့တတ်သော ကဗျာတပုဒ်နှင့် နှိုင်းယှဉ်၍ လေ့လာကြည့်ပါ။ အဆင့်အတန်းကိုလည်း ချိန်ဆကြည့်ပါ။

၄။ ။ကလေး သူငယ်တို့၏ ကစား ပျော်ရွှင်မှု များကို ရှာဖွေလေ့လာပါ။ငယ်စဉ်က မိမိကစားဘူးသောကစားနည်းတခုအကြောင်းကို ပေါ်လွင်အောင် ရေးပြပါ။



### ဆရာမှိုင်း၏သောက

(လေးချိုး)

ဆရာမှိုင်း၊ ခါတိုင်းသို့ စိတ်မပျော်။

အပူပုံခက်နှောင် ပွါးစေဖို့
လူကြုံတွင် လက်ဆောင်ပါးလိုက်တဲ့
စကား စုံလင်စွာပါ့
အညာသူ မှာတာများကို
ကြား ရသနော်။

ဒွေးခါမှာ ချေးကာလှည့်ခဲ့ရတဲ့
အကြွေးတရာ ပေးစရာကလဲမရှိတာကြောင့်
လေးခါတိတိရယ်တဲ့ သူကြီးကခေါ်
ကိုယ့်မတော့ တော်ပေရဲ့ ပျို့ချစ်ဦး (တဲ့)။

အကလေးတွေရဲ့မိခင်ကို
တွေးမိလျှင် ပူသာပူတော့
တဆူဆူ ဒုက္ခများ ရှာလိမ့်
လျှိုခင်မှာ ဖိုဝင်စားရာက
သနစ်စုံ ဖြစ်ပုံကြားရတော့
စာသဝဏ် လွှာညွှန်ပါးရပေမဲ့
သားအမိတွေကြောင့် ရှုံးရလိမ့်မထင့်
အားမရှိဘူး။ ။

သခင်ကိုယ်တော်မှိုင်း။

## အညာမင်္ဂလာဆောင်

(လေးချိုးကြီး)

ကျုပ်တို့အညာမှာ မင်္ဂလာတမျိုးသာပါ
အဟုတ်ဗျို မမှတာ အစဉ်အလာ မညှိုးခဲ့ပေဘု
အရိုးသမကျ ရှေးလိုပါ့ အဖွားကလဲကျီတဆောင်
အမျိုးကလဲ မသေးပေဘု
အဖိုးအဖနှင့်တကွ မေးကြပါတော့
တမျိုးငါ့မြေး ဖို့ရယ်လို့
အဖိုးကပေးလိုက်ပါတဲ့ နွားညီနောင်။

အမိအဖတို့ကလဲ
ပြည့်ပြည့်ဝဝတွေမို့
ရှိသမျှ ကုန်ချင်ကုန်ရော့လို့
မယုံလျှင် ကြုံလျှင်မေးပါတော့
အလုံတခွင်မှာ ဂုဏ်အင်ကလဲ မသေးပေဘု
မုံရွေးကြေးမုံချောင်းဦး နယ်တလွှားဆီက
အလုံကျေးအကုန်မှာ ပြောင်းဖူးသယ်တွေက
များလိုက်ပါဘိသနှင့်
ဆွေသားရင်းချာ ညာတကာမိတ်တို့ကိုလ
အဖေသွားရင်းသာ လာစရာ ဖိတ်ခဲ့တာနှင့်
ညအိပ်ညနေ အစုံလာကြတော့
ခြုံစရာ အကွက်ဖျင်စောင်နှစ်ခုငဲ့ပြင်
ဂုံပုဝါပါတဘက်နှင့် ခြင်ထောင်ကလဲတခုစီပေါ့
လုပ်မှုကိုင်ဖွယ် တောလယ်ယာတခင်းငဲ့ပြင်



ပြောင်းခင်းတစလယ်ဝင်နှင့်
လယ်တရှင် စပါးနှစ်ဆယ်ထွက်ကိုလ
ရှေးအဆက်ဆက် အကြွေးတက်တက်ပြီး
အဝေးမထွက်ရအောင်လို့
ပေးလက်ဖွဲ့နှောင်။

လမ်းချိုးအရှေ့က
စမ်းရိုးအကွေ့ ခရောင်းယာမှာ
အထုပ်တွေဖြေဖြေပြီး အကုန်သာကြဲလေရော့ဟဲ့လို့
ခရမ်းမျိုးစေ့ကောင်းစွာ ငြုတ်ဂျုံကုလားပဲသာပါ
နှမ်းမျိုးသွေ့သွေ့ ပြောင်းဝါပြုတ်ဖရုံပါဖရဲငဲ့ပြင်
ထမ်းပိုး၍ရောင်းစရာ အထုပ်မုံလာခဝဲတွေနှင့်
အလုပ်စုံရာကပဲရယ်လို့များလက်ဆောင်
သားအတွက် တအားတက်အောင်ရယ်လို့
အမေအိုကလဲ
ဓါးမရှေ့ဓါးမတိုတွေနှင့် အခြေကိုနှင်း
မယားဖက်ကမောင်တွေကလဲပုလွေတိုနှစ်စင်း။

မျိုးဆက်ကာခြုံ
အိုးခွက်ပန်းကန်အစုံနဲ့
ပြေတခွင်သထုံရောက်ရာကပဲ လွမ်းမိပါရဲ့
မြေအင်တုံသောက်စရာဇွန်းငဲ့ပြင်
ကွမ်းအစ်ပါလွယ်အိတ်တလုံးငယ်နှင့်
ပဲခိုးဘူတာမှာလေ ငနဲ့သူခိုးလူညာတွေမှုန်းလိုက်ပါတဲ့
ပျောက်သဟာ ထန်းခေါက်ဖါကလဲ တလုံးပါပဲ

စုရုံးလိုက်လျှင်တအိမ်ထောင်ပါ
လူ့ထုံးစရိုက်တွင် တသိန်ပြောင်လောက်ကဲ့
မင်္ဂလာဆောင်မှာ ခန်းဝင်ကလဲမနဲပါဘု
မွဲဖို့ရာကံကြမ္မာနှင့်
ဖန်လာပုံကုသိုလ်ကလဲ မကောင်းချင်တော့
အထက်ဟိုအညာမှာ
ကြက်ဆိုတာတောင် မလောင်းခဲ့ပါဘု
အညာပြေဌာနေဟောင်းဆီက
အကြွေးတရာကို ဒွေးခါကလဲတောင်းပြန်ပေါ့တဲ့
မောင်းစရာရယ်လို့များ တပ်လိုက်မှဖြင့်
ခေါင်းတခါခါနှင့်ဆတ်လှစွာသော လှလှစွေစွေရယ်နှင့်
ဝဝပြေ့ပြေ့ နပြာတရှဉ်းကိုလှ
ကျောင်းတကာကိုသာ အပ်လိုက်ပေရော့
ရသရွှေဘာဘာညာညာရယ်လို့ မငြင်းလေနှင့်
ရောင်းကာသာဆပ်လိုက်ပါတော့
ရွှာ့ရွှေယာတခင်း။

သခင်ကိုယ်တော်မှိုင်း။

**ဆွေးနွေးခန်း**

(အထက်ပါ ကဗျာနှစ်ပုဒ်ကို မစ္စတာ မောင်မှိုင်း၏ ဗိုလ်ငွီကာဆောင်ပါး စာအုပ် ( ၁၉၁၃ – ၁၄ ခုနှစ်) မှ ထုတ်နုတ်သည်။ ဆောင်းပါး၏ သဘောသည် ဤသို့ဖြစ်သည်။ တနေ့သောအခါ စာရေးဆရာ မစ္စတာမောင်မှိုင်းသည် ဗိုထိုးနေစဉ် ဇာတိရပ်ရွာအညာဒေသမှ မိတ်ဆွေတဦး ရောက်လာ၍ မစ္စတာ မောင်မှိုင်း၏ ဇနီးသည်က မှာလိုက်သောစကားကို ပြောပြသည်။ ထိုအခါ မစ္စတာ မောင်မှိုင်းက အောက်ပြည်အောက်ရွာ၌ အကြံအစည် အထမမြောက်သေးသောကြောင့် ပြန်မလာနိုင်သေးကြောင်း၊ နပြာတရှဉ်းနှင့် ယာတခင်းကိုရောင်း၍ အကြွေးဆပ်လိုက်စေလိုကြောင်း မိတ်ဆွေလူကြုံကိုပင်ပြန်၍ မှာလိုက်လေသည်။ ဤကဗျာ နှစ်ပုဒ်ကို ဆက်၍ ဖတ်ရှုရန် ဖြစ်သည်။



အညာမင်္ဂလာဆောင် လေးချိုးကြီးကို မရေးခင် မစ္စတာမောင်မှိုင်းသည် လူကြုံ ကိုမင်းရာဆိုသူအား ပြောပြသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။)

"ကျုပ်တို့ရဲ့ အဖိုးက ငါ့မြေးကြီး ရွှေမှိုင်းရဲ့........ အိမ်ထောင်ဦးက ပစ္စည်းများ မဖြုန်းတီးကောင်းဘူးတဲ့။ အဲတာလို ဆုံးမဩဝါဒ ပေးပေမဲ့၊ အကြွေးက တဖက်၊ မပေးရင် ခက်မှာကြောင့် ဖျက်ရတော့မယ်။ ။ ကိုမင်းရာရဲ့။ ကျုပ်နပြာကြီး တရှဉ်းဟာ သထုံနယ်ပေါ်၊ ကျိုက်ကော်သိမ်ဆိပ် ကိုဘိုးတေကြီးတို့ဆီများ ချရောင်းရလျှင် အကြောင်းမတန်ကြိုက်ကြမယ်။ တရာ ကိုးဆယ်တော့ဖြောင့်နေမှာဘဲ၊ ကျုပ်နွားတရှဉ်းကို ဝါ တပွူးကို ရတနာပြုံးမျိုက ကိုသာမြတ်တို့တောင် အမြင်ဘူးသားကလား။ နွားကတော့ဖြင့် လှလဲလှ၊ ဝလဲဝ၊ ချောလဲချောဘဲနှော။ အနိုပေမယ်လို့၊ ကျုပ်တို့အညာမှာတော့ ကြေးမထိုက်လှဘူး။ တရှဉ်းကို ရောင်းမယ်ဆိုလျှင် ၆ဝိ - လောက်သာ ရမယ်။ အဲတာလို ၆ဝိ - တန်နွားတရှဉ်းကိုတောင် ကျုပ်တို့ရွာက ကျောင်းတကာ ဘိုးမြတ်မွေးက အရေးထဲ စေးနဲ့ချုပ်ချယ်ပြီး၊ ဟော့မောင်မှိုင်းရဲ့၊ မင်းသယ်အောက်ကို သွားဘို့ခု စရိတ်မရှိလျှင် အနှီနပြာကြီးတရှဉ်း ငါ့ကို အစိတ်နှင့်ပေးခဲ့လကွယ်။ ၂ဝိ - ကို ခုယူ၍သွား။ ၅ - ပြားသော ငွေစကို နောက်မှ ဖြေးဖြေးယူတာပေါ့လို့၊ အနှာလိုပြောဘူးတယ်။ ။ဩော်....ရသာလျှင် ဘနပူး သိုက်တူးတယ်ဆိုတာ၊ အနှာမျိုးဘဲ ထင်ပါရဲ့နှော်။ သို့သော်လဲ ကိုမင်းရာရဲ့။ ရောင်းသူ ၁ဝိ။ ဝယ်သူ ၅ိ ဆိုတာလို အကျပ်အတဲထဲမှာ ရက်ဆွဲလို့ မရောင်းသာဘူး။ ရတာနဲ့ရောင့်ရဲပြီး အပူခဲ ကြွေးတရာကို ပေးစရာမပြေရင်ဖြင့် ရွှာ့ရွှေက ယာတခင်းကိုပါ၊ မယ်မင်းကြီးမရောင်းချပြီး ကျောင်းအမ ဒွေးခါကို ပေးပါတော့လို့သာ ပြောလိုက်ပေတော့ ကိုမင်းရာရဲ့ဟု ကျုပ်က ပြောလိုက်လေသတည်း။"

၁။ ။အကလေးတို့မိခင်၏ ဒုက္ခကား အဘယ်နည်း။ ဆရာမှိုင်း၏ ဒုက္ခကား အဘယ်နည်း။

၂။ ။ဆရာမှိုင်း၏ အညာဘဝ အကြောင်းကို စုံလင်စွာရေးပါ။

၃။ ။ဆရာမှိုင်း၏ အမှာစကား လိုရင်းအချုပ်သည် နွားပြာတရှဉ်းနှင့် ယာတခင်းကို ရောင်း၍ အကြွေးဆပ်လိုက်ရန် ဖြစ်သည်။ သို့ရာတွင် ကဗျာ၌ ဆရာမှိုင်း၏ ဆွေမျိုးဂုဏ်သတင်းနှင့် အိမ်ထောင်ဦးပစ္စည်းတို့ကို စုံစေအောင် ဖေါ်ပြ ဖွဲ့နွဲ့ ခဲ့သည်ဖြစ်ရာ အဘယ့်ကြောင့် ထိုသို့ ဖေါ်ပြဖွဲ့နွဲ့ခဲ့သည်ဟု ထင်ပါသနည်း။ ဤတွင် (၁) ဆရာမှိုင်းကို ကဗျာပါဇာတ်လိုက်တဦး အဖြစ်ဖြင့်ရင်း၊ (၂) စာရေးဆရာ မစ္စတာ မောင်မှိုင်း အဖြစ်ဖြင့်ရင်း အဘယ့်ကြောင့် ထိုသို့ ဖေါ်ပြ ဖွဲ့နွဲ့သည်ကို ဆင်ခြင်နိုင်သည်။ အားထုတ်ကြည့်ပါ။



## ရွှေလရောင်ဘွဲ့ခံဦးမင်းယောင်

(လေးချိုးကြီး)

မြို့လုလင်သာတဲ့ကွန်းဆီသို့
တို့သခင်စာဖွဲ့လို့ညွန်းလိုက်ကဲ့
တာနဲ့လွမ်းကြပေတော့ကွာ။

မြို့သူကြီးရယ်လို့
တို့ထီးနေသမျှပေပေါ့
ရွှေလရောင်ဘွဲ့သတင်းရယ်နဲ့
ဦးမင်းယောင်ဗိုလ်ဝင်ခံလို့မို့
ဟိုအလျင်ယမန်စစ်အင်ကျင်းတယ်
ခင်းတဲ့ဗျူဟာ။

မြတ်လောကီသဘာဝတွင်ဖြင့်
ဓါတ်ကောလီခါမရတာမို့
မြန်မာမျှော့ဘုန်းသမ္ဘာ
ရှုံးပါပေါ့ကံတမျိုး။

မန်းအပျက်မှာ
စန်းလက်မသာမယာဖို့
ဗမာဗမာချင်းတောင်မှ
အတင်းရန်မူလို့
ရန်သူကိုရန်ဟူ၍မမှတ်တဲ့ပြင်
ကိုယ့်တပ်ကိုယ်ပြန်နင်းကြတဲ့
ဖျင်းလှတဲ့ကမြင်းမ အကောင်ဗိုလ်အချို့ရယ်က
ကိုယ်ဖို့အလွတ်ရုန်းရော့မယ်လို့

တောင်ကုန်းသာသာယာယာမြင်းမဏိစခန်းဆီက
တရှောင်ရှောင်ပုန်းကာ အတွင်းသိတဲ့
မင်းအမိဖမ်းချင်ကြတဲ့ပြင်
ဘရမ်းဘတာ တော်ရာလျှော်ရာပြေးကြတော့
အရေးရှင်မကြံသာသနဲ့
ကံကြမ္မာရှေးဝဋ်ကြွေးပေထင့်
လေးတိုင်စဉ်ရွာအတွင်းတွင်ဖြင့်
အင်္ဂလိပ်တွေကိုအတင်းကြိတ်မဟော့လို့စမ်းနဲ့တဲ့
တဖေါင်ဖေါင်သတင်း တပြောင်ပြောင်လင်းခဲ့တဲ့
တောင်ထွင်းကသခင်ကို အောင်တြင်းမရခင်ဖမ်းတဲ့ပြင်
အကြမ်းဘတမ်း မလုပ်ကောင်းသော်လဲ
ဥက္ကောင်းဖြတ်ကာ အသေသတ်ကြသတဲ့
မကျေနပ်ရှာသူချောင်တပဲ့ဘန်းတို့ရှဲ
ပြေရပ်မှာတဘောင်နဲ့လွှမ်းကြပေတော့
တောင်တမန်းမြို့နေလနှစ်ဆောင်အညိုးတွင်ဖြင့်
ပြေမြန်မာ့တဘောင်မစိုးရရှာတဲ့
အခေါင်မမြန်း အမှောင်သန်းသမို့ အောင်ပန်းညှိုးခဲ့ရတဲ့
အောင်ဆန်းတို့ရွှေလရောင်အဖိုး။

သခင်ကိုယ်တော်မှိုင်း။

**ဆွေးနွေးခန်း**

(အထက်ပါ ကဗျာကို သခင်ဋီကာ (၁၉၃၈) မှ ထုတ်နုတ်သည်။ သခင်ဋီကာ၌ ဦးမင်းယောင် ကျဆုံးခဲ့ပုံကို ဖေါ်ပြသည်မှာ အောက်ပါ အတိုင်း ဖြစ်သည်။)

"အို – တပဲ့မျှားစွာ တရားနာတို့။ ။အဆိုပါ မြို့လုလင် သူကြီး ဦးမင်းယောင် တည်းဟူသော ရွှေလရောင် ဘုရင်သည် ဤမည်သော



မြင်းမဏိတောင်ထိပ် သစ်ဘပ်မြို့တွင် ဗိုလ်ဝင်ခံနေစဉ်မှာပင် အင်္ဂလိပ်တို့က စစ်သည်ရဲမက် လက်နက်ခွန်အား ကြီးစွာနှင့် လိုက်ပြီးတိုက်ခိုက်ပြန်သည့်အတွက် သစ်တပ်မြို့ကြီး ပျက်စီးပေလျှင် ရွှေလရောင်မင်းသည် အတင်းဆင်တော်စီးလျက် တောင်တွင်းကြီး အနောက်လက်သို့ ထွက်တော်မူခဲ့ရာ တောင်တွင်းကြီးနှင့် ခရီးတယောင်းကွာ လေးတိုင်စဉ်ရွာသို့ ရောက်သောအခါ ပါသာသော ရဲမက်ဘပ်ဗိုလ်တို့လည်း ကိုယ်လွတ်ရာ ကိုယ်လွတ်ကြောင်း မကောင်းသော အကြံအစည်နှင့် ဥဘဏ်နီဥဘဏ်နက် ထုဘ်ခြင်း၊ စားနပ်ရိက္ခာ ပြတ်လပ်ခြင်း၊ နွားကဲ့ ကျွဲကိုက် ဆိုသလို ဖြစ်ခြင်းတို့ကြောင့် ယင်းအဆိုပါ တို့ဗမာအစည်းအရုံး တဲ့ဘက် ဒုတိယ အတွင်းရေးမှူး သခင်အောင်ဆန်းတို့၏ အဖိုးဖြစ်သော မြို့လုလင်သူကြီး ဦးမင်းယောင် ခေါ် ရွှေလရောင်မင်းကို အတင်းလက်ရ ဘမ်းဆီးပြီး ကြမ်းကြမ်းကြီး သတ်မှဘဲ ကောင်းမည်ဟု အရှင်လတ်လတ် ဥက္ကောင်းကို ဖြတ်ပြီး သတ်ဖြဘ်ကွပ်မျက် လိုက်လေသတည်း။"

၁။ ။သခင်ကိုယ်တော်မှိုင်းသည် နိုင်ငံချစ် စိတ်ဓါတ်ကို နှိုးဆော် ပေးရာတွင် အတိတ်ရာဇဝင်မှ ချီးကျူးစရာ အကွက်ကိုဖေါ်၍သော်၎င်း၊ နှမြောတသစရာ အကွက်ကို ဖေါ်၍ သော်၎င်း စာရေးလေ့ ရှိလေသည်။ ဤကဗျာတွင် မည်သည့် အကွက်မျိုးကို ဖေါ်၍ ရေးခဲ့ပါသနည်း။ ရှင်းပါ။

၂။ ။ဤကဗျာတွင် နှမြောတသစရာ ဖြစ်အောင် မည်ကဲ့သို့ နိဒါန်းပျိုး၍ မည်ကဲ့သို့ နိဂုံးချုပ်သနည်း။

## မိဖုရားစောလုံ

(လေးချိုးကြီး)

ဆန်းထူးဝါနီ အရွက်ယော်ကာမြန်းချိန်မို့
တန်းခူးရာသီမဖြင့်
မန်းနဖူးအညာဆီ အထက်မနော် လွှမ်းလောက်ပါပေရဲ့
သွန်းမှုံးဖြာစီ ကရမက် အကျော်အဖျော်တွေဖျန်းပါလို့
အခက်အလက် တော်ရာလျော်ရာပန်းတွေနှင့်
ခူးသမို့ချွေကပ်တယ်
စက်တော်ရာစခန်းမှာဖြင့် ဖူးလို့ရေသပ္ပါယ်။

ပြန်လှန်ဆပြန်တော့ သကြံန်ကျချိန်ပေါ့
ယမန်သမယဆီက
ပုဂံသမတရှင်ဘုရင်သားမွှာဘပါတဲ့
ဆောင်းမှန္နေအလည် ဘုန်းရောင်တော်ပြနေကျ
မောင်းမရွှေညီမဟေသီ သုံးထောင်ကျော်မျှရယ်နှင့်
သည်လနွေရာသီမဖြင့်
ဆွေကလျာမဒီတွေကို ချစ်စိတ်စမ်းလိုတဲ့အားရယ်နှင့်
ရောဝတီမြစ်ဆိပ်ကမ်းတခိုသို့သွားပါလို့
ရွှေနန်းအစဉ်အလာ ရေဖျန်းမင်္ဂလာကစားစဉ်က
ချစ်အားတော်ဗလောင်ဆန်လို့မို့
တဆောင်စံစောလုံပက်စဉ်က
သွက်သွက်လယ်ကြမ္မာငင်ဖို့
ရက်စက်တယ်ခမျာထင်လို့မို့
အစာတွင်အဆိပ်သေမဲ့ဆေးရယ်နှင့်



မဟာဘုရင်ကိုတိတ်တိတ်သေဟဲ့လို့ ကျွေးလေတော့
ပြစ်ရေးတော်ရာဇဝတ်ကယ်နှင့်
ကွပ်ညှပ်ပုံတအာဏာကြောင့်
ခမျာမှာခန္ဓာတောင်ဆုံးရှာသတဲ့
တိတ်ထုံးရာဇဝင်ကိုဖြင့်
ဆရာရှင် ပြန်လှန်လို့ဟောရတော့
တောကြီးအလယ်မှာနော်ကွယ်
မနောသတိဘောမချိအောင်ပါ
မောမိသကွယ်။

သေလမ်းဝင်မှောင့်ရှာတဲ့ တမိရယ်ကြောင့်
ရွှေနန်းရှင်မောင့်မှာဖြင့် မချိပြီမို့
စောင့်ပါခလှည့် စောင့်ပါခလှည့် ရယ်လို့
တရလေရှာသကွယ်
သမတနေလာနွယ်မှာဖြင့် ဖိုဗျာပါအများ
ဘဝသေပါဟယ်လို့ ဆိုကာငိုကာမနား။

ညချမ်းခါတွင်
ပလျှမ်းကာအသာဝင်တဲ့
လစန်းရတနာအသွင်သို့
ဘမရာတပင် မဟောသက်လျာတပါးကိုလ
ငါဘုရင်ရေပက်တာဖြင့် မှားပေါ့ဟဲ့လို့
တရားသံဝေဖြေမဖျောက်နိုင်တဲ့
ရွှေပေါက္ကံမြန်မာမင်းလိုပါ
ခါသကြံန်နွေကပဲရယ်လို့
ရေပွဲမှာအပျော်တွေစည်မှုဖြင့်

ကတော်ဒေဝီအရှက်ကွဲအောင်ပါ
မျက်နှာမဲ့မျက်နှာဖြူ ပက်သူတွေကလဲပေါပေသမို့
မန်းစက်ရတနာ ပလ္လင်မလေ
ဘန်းစကြာရှင်တွေစောစေဖို့
ကမ္မဋ္ဌာန်းပြဆရာမှာ
ဝမ်းမသတသာနှင့်ဟောလိုက်ပါရဲ့
ဒေါပုံအလှဲ့သံသရာရေအပြင်မှာ ကြွားသူတို့ကဖြင့်
သဘောမဆုံသနဲ့ မခံပါချင်လျှင်လဲ မကစားကြလေနှင့်
ချောဂုဏ်နဲ့နွှဲရှာတဲ့
စောလုံရဲ့ပုဂံရာဇဝင်တရား။

သခင်ကိုယ်တော်မှိုင်း။

**ဆွေးနွေးခန်း**

(အထက်ပါ ကဗျာကို မျောက်ဋီကာမှ ထုတ်နုတ်သည်။ မျောက်ဋီကာတွင် မစ္စတာမောင်မှိုင်းသည် မန်းစက်တော်ရာ၌ တပည့်များအား တရားဟောခြင်း၊ စာပေပို့ချခြင်း၊ ကျမ်းရေးခြင်းတို့ပြုရင်း အထက်ပါ ကဗျာကို ရေးလေဟန်ဆို ထားသည်။)

၁။ ။ပုဂံမင်းနရသီဟပတေ့နှင့် မိဖုရားစောလုံတို့ အကြောင်းကို ရှာဖွေဖတ်ရှုပါ။ မစ္စတာမောင်မှိုင်းသည် ရာဇဝင်ပါ အကြောင်းအချက်တို့ကို မည်ကဲ့သို့ ပြန်ပြောထား ပါသနည်း။ အကျဉ်းချုံးထားပုံ၊ စာရေးဆရာ၏ စိတ်လှုပ်ရှားမှု ထည့်ထားပုံတို့ကို သိမြင်နိုင်သည်။ ရှာကြည့်ပါ။

၂။ ။ပဉ္စမအချိုးပါ အကြောင်းအချက်နှင့် ကျန်အချိုးသုံးချိုးပါ အကြောင်းအချက်တို့သည် မည်သို့ ဆက်စပ်လျက် ရှိပါသနည်း။

၃။ ။ဤကဗျာ၏ ရည်ရွယ်ချက်သည် အဘယ်နည်း။



## နိုင်ငံ့အရေး ကိုယ့်အရေး

(အိုင်ချင်း)

ချစ်တဲ့သူငယ်လေ၊မြန်မာပြည်သား၊လူအများတို့လေး။

ကိုယ်စားလှယ် သုံးဖြာ၊ ရောက်သည့်ခါက
ရေမြစ်ဆိပ်၊ ကမ်းနားထိပ်မှာ၊ ပရိသတ်နှင့် ရထားနှင့်။

မြေဦစီစဉ်၊ ရထားယာဉ်မှာ
မိန်းမများနှင့် ယောကျ်ားနှင့်။

လမ်းစဉ်တလျှောက်၊ဘုရားရောက်အောင်
လူအပြည့်နှင့် အကျွေးနှင့်။

ဘုရားကပ်ချဉ်း၊ခြေတော်ရင်းမှာ
လူတင်းကျမ်းနှင့် အတီးနှင့်။

အကြောင်းငယ်မှ မျိုးစုံ၊အဖုံဖုံကို
အကုန် ပြောတတ်ချေဘူး။

လတ်တလောပင်၊ကိုယ်စားလှယ်များ ဝင်သောအခါ
ဖြူစင်လန်းလန်း၊ ပန်းနှင့်ပေါက်ပေါက် ကြဲတော့တယ်။

ရထားတွင်းက
ခရုသင်း ကျည်ကျည် မှုတ်တော့တယ်။

ကညာပျိုစွာ၊ဆင်းရှုပတို့
ကြိုင်လှပန်းစည်း ဆက်တော့တယ်။

တမြို့လုံးမှာ၊အုန်းအုန်းကြွက်ကြွက် ဖြစ်တော့တယ်။

လမ်းတလျှောက်မှာ၊ စားသောက်ဖွယ်ရာကျင်းတော့တယ်။

တိဂုံဆံဘွင်း၊ခြေတော်ရင်းမှာ
သံညင်းစည်တော် ရှမ်းတော့တယ်။

မိန်းမတသင်း၊လူခပင်းတို့
ဆိုခြင်း နှုတ်ခွန်းဆက်တော့တယ်။

ကိုယ်စားလှယ်များ၊ မင်းတပါးက
စကားကျေးဇူး၊အထူးတလည် တင်တော့တယ်။

မြန်မာများ မည့်ပုံကို
အားကုန်စိတ်နှင့် ပြောတော့တယ်။

မြန်မာပြည်သူ၊မိန်းမမှုကို
နည်းယူ အင်္ဂလန်ကခိုးရတယ်။

စကားအပြီး၊စည်အတီးမှာ
လူကြီးလူငယ် ကန်တော့တယ်။

ပြီးလျှင်တချက်၊ရင်ပြင်ထက်မှာ
လက်ဆောင်ပဏ္ဏာ၊သြဘာစာကို
ဆက်ကာတင်သွင်း ဖတ်တော့တယ်။

ဤကိစ္စကို၊မိန်းမများက ဆောင်ကြတယ်။

ပူဇော်နှနှာ၊ပြီးသောခါ၊ပြန်လာကြတော့တယ်။

ကြုံလဲကြုံရတယ် တွေ့လဲတွေ့ရတယ်။



တို့ဖိုးအေနှင့် ဖွားအေယ်မှ ရှေးသွား၊ လူကြီးများကို
အားပါးတရ၊ပြချင်စမ်းလှတယ်။

မြန်မာတွေတိုးတက်ပုံ၊အလုံးစုံကို
အကုန် ကြည့်လှည့်ကြပါလား
အကျွန့်ရှေ့က သွားတဲ့ လူကြီးများလေ။

ဦးဖိုးကျား။

**ဆွေးနွေးခန်း**

(ဤကဗျာကို ဦးဖိုးကျားရေးသားသော ပုသိမ်ရာဇဝင်နှင့်ဦးထွန်းရှိန် အတ္ထုပ္ပတ္တိကျမ်းမှ ထုတ်နုတ်သည်။ မြန်မာပြည်အတွက် ပြုပြင်ပြောင်းလဲမှု အုပ်ချုပ်ရေးစနစ်ရရန် ၁၉၁၉ - ခုနှစ်ဇူလိုင်လတွင် ကိုယ်စားလှယ်သုံးဦးဖြစ်ကြသော ဦးဘဘေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ကို ဘိလပ်နိုင်ငံသို့ စေလွှတ်ခဲ့ရာ ကိုယ်စားလှယ်သုံးဦးသည် ၁၉၂၀ - ပြည့်နှစ် ဖေဖေါ်ဝါရီလတွင် မြန်မာပြည်သို့ ပြန်ရောက်ကြသည်။ ထိုအခါ ရန်ကုန်မြို့တွင် တောရောမြို့ပါ လူထုပရိသတ်သည် ကိုယ်စားလှယ်များကို ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုကြသည်။ ဦးဖိုးကျားသည် ဤအကြောင်းကို ကဗျာဖွဲ့ခဲ့သည်။)

၁။ ။ကိုယ်စားလှယ် သုံးဦးတို့ ရန်ကုန်မြစ်ဆိပ်တွင် သင်္ဘောက ဆင်းကြသည်မှ **စ၍** ရွှေတိဂုံဘုရား၌ ကြိုဆိုပွဲ ပြီးသည်အထိ မြင်နိုင်ကြားနိုင်သော လူထုပရိသတ်၏ လှုပ်ရှားမှုကို ရေးပြပါ။

၂။ ။လူထုပရိသတ် စိတ်ဓါတ်တက်ကြွ၍ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို စိတ်မျက်စိ၌ မြင်လာအောင် မည်သို့ ရေးထားပါသနည်း။ (ဦးဖိုးကျား၏ မြင်တတ် ကြားတတ်သော နား မျက်စိနှင့် တက်ကြွဝမ်းမြောက်တတ်သော စိတ်ဓါတ်တို့သည် ကဗျာ၏ အဓိက အင်အား

ဖြစ်ကြသည်။ ထို့ကြောင့် ဦးဖိုးကျား၏ ဖွဲ့ပုံဖွဲ့နည်းကိုသာ လေ့လာကြည့်ရန် ဖြစ်သည်။)

၃။ ။ဤကဗျာကို မည်ကဲ့သို့ နိဂုံးချုပ်ထားပါသနည်း။ နိဂုံးချုပ်ပုံကို သင်နှစ်သက်သလား။ အဘယ်ကြောင့်နည်း။ သို့မဟုတ် ဤကဗျာတွင် အတိသယဝုတ္တိ အလင်္ကာကိုရှာပါ။ ထိုအလင်္ကာမြောက်အောင် မည်သို့ဖွဲ့ထားသနည်း။ ရှင်းပြပါ။

# စက်ဆစ်အဖြေများ

## မန္တလေးဘွဲ့

(စာမျက်နှာ-၉)

လွမ်းချင်း— အချိုး ၂ ချိုးပါသော ကဗျာတမျိုး။

မန်းမြေ— မန္တလေးအရပ်။

တချောင်းရွှေ— ရွှေတချောင်းမြောင်း။

မဟာနွယ်— မင်းမျိုးမင်းနွယ်။

သမုသိန်— သမုတိနတ်ဖြစ်သော မင်းမျိုးမင်းနွယ်မှ ပေါက်ဖွားသည့် အသရေရှိသူ။

တောပုရှင်)
စိန္တေယျ ) — တောပုရှင်ဘုရား။

## စင်ညွန့်ပေါင်းက အစောင်းစာ

(စာမျက်နှာ-၁၁)

သံချို— အချိုးလေးချိုးပါသောကဗျာတမျိုး။ (သံကျို) ဟုဖတ်။

သိုင်းဘွဲ့ဖြူ)
ရမထာ ) — အရှည်ခြောက်တောင်ခန့်ရှိ၍ ၄ ခန့်တွင် အဝတ်ဖြူဆွဲထားသော ကြိမ်လုံး။ ရှင်ဘုရင်နှင့်စပ်သော အသုံးအဆောင်များ ဆောင်ယူသည့်အခါ ရွှေဖျား ဝဲယာက သိုင်းကိုင် လူ နှစ်ယောက် လိုက်ရသည်။ ရှင်ဘုရင်က အသိအမှတ်ပြုသော ရုပ်သေး၊ ဇာတ်၊ ဆိုင်း စသည်များမှာလည်း ဝဲ ယာ သိုင်းစိုက်ခွင့်ရသည်။

သိုင်း— အထက်တွင် ဖော်ပြထားသောကြိမ်လုံး။ သိုင်းလုပ်ရသောကြိမ်မျိုးကို သိုင်းကြိမ်ဟုခေါ်သည်။ **Calamus erectus, Roxb.**

ဘွဲ့ဖြူ— အဝတ်ဖြူ။

ရမထာ— ကြိမ်နွယ်ပင်ကြီးတမျိုး။ သိုင်းကို ရမထာကြိမ်နှင့်လည်း လုပ်ပုံရသည်။ **Calamus latifolius,** Roxb.



တော်မဟာစင်— ရှင်ဘုရင် အသိအမှတ်ပြုသော ရုပ်သေးစင်။ မဟာစင်တော်ကြီး။ စင်တော်။ ထင်ပေါ်လျှင် စင်တော်ကကောက်—ဆိုသောစကားပုံရှိသည်။

ဂါမော်— ရွာ။ ဂါမကို ဂါမော်ဟု ရေးခြင်းမှာ ကာရန်ကိုင်ရုံမျှမက မော်ဆိုသောစကား၏ အဓိပ္ပါယ်ကိုလည်း ယူလိုပုံရသည်။ (ပါ၊ ဂါမ)

ဆရာကျော်— မောင်းထောင် ဦးကျော်လှဟုလည်း ယူနိုင်သည်။ အခြား သံချိုကိုင်များ၏ ဆရာကျော်ဟုလည်း ယူနိုင်သည်။ အဓိပ္ပါယ်နှစ်ချက်ထွက်သော စကားလုံးတည်း။

လူလွန်— သူတပါးထက် ကဲလွန်သောသူ။

ရိမဒ္ဒန်— အရိမဒ္ဒနအမည်ရှိသောပုဂံပြည်။ (ပါ၊ ရန်သူကိုနှိမ်ခြင်း)

ပေါက္ကံ— ပုဂံပြည်၏ အမည်တမျိုး။

မင်းစော )
နော်ရထာ) — အနော်ရထာမင်းစော။

မတ်မဟာ— မန္တလေးမြို့ဝန် ဦးသာအိုး။

ပဏ္ဏာလှံ့— ခစားထမ်းရွက်သည်။ (ပါ၊ ပဏ္ဏာကာရ၊ စာရေး၍ပို့သောလက်ဆောင် ပစ္စည်း)

ခယမ်း— ခစားထမ်းရွက်သည်။

ထောင်လက်ရုံး— လက်ရုံး အထောင်ရှိသော မာရ်နတ်မင်းနှင့် တူသည့် (လေးလက်ဖယ်)။ လေးလက်ဖယ်သည် နွားအရှင်း ၃၀ ကို ထွန်တွင်က၍ တပြိုင်တည်း လယ်ထွန်နိုင်သည်။ ထို့ကြောင့် မာရ်နတ်မင်း၏လက်ရုံးများခြင်း ဂုဏ်ပုဒ်ကို လေးလက်ဖယ်တွင်တင်သည်။ တဖန်လေးလက်ဖယ်၏ ဂုဏ်ပုဒ်ကို မင်းစာဝန်တွင် တင်ပြန်သည်။

ပြည်ကြီးဝန်– မန္တလေးမြို့ဝန် ဦးသာအိုး။

လက်တန်းဥဒါန်း–ရုပ်သေးစင်တွင် လက်တန်းကိုကိုင်၍ ရုတ်တရက် ဇာတ်ချင်း ဇာတ်စကားတို့ကို ဖွဲ့ဆို ပြောဟော တတ်သော ဥဒါန်း။

မဏိစန္ဒာ– ဥဿာပဲကူးသို့ဂျွမ်းစစ်သည်ရောက်၍ဥဿာပဲကူးမင်းက စစ်ကူတောင်းသောအခါ အနော်ရထာမင်းစောက (၁) ကျန်စစ်သား (၂) ငထွေးရူး (၃) ငလုံးလက်ဖယ် (၄) ညောင်ဦးဘီး (ညောင်အုပ်ဖီးဟုဖတ်ကြသည်) ဟူသော သူရဲကြီးလေးဦးကို စစ်ကူလွှတ်သည်။ ဂျွမ်းစစ်သည်တို့ကို နိုင်အောင်တိုက်သဖြင့် ဥဿာပဲကူးမင်းက သမီးတော် မဏိစန္ဒာကို အနော်ရထာမင်းစောအား ဆက်သည်။

သထုံဝင်– သထုံရာဇဝင် မနုဟာမင်းနှင့် စစ်တိုက်ရာတွင်လည်း ကျန်စစ်သားစသော စစ်သူကြီး ၄ ယောက်တို့ အစွမ်းပြခဲ့ဘူးသည်။

အားလုံးနောက်တန်း–ဦးကျော်လှက ရွှေတန်းဖြစ်၍ ကျန်စာဆိုများက နောက်တန်းဖြစ်သည်။

## ဩဒိဿမေတ္တာရေ

(စာမျက်နှာ-၁၄)

ဩဒိဿမေတ္တာ–တဦးဦးကိုရည်ညွှန်း၍ ပို့သောမေတ္တာ။ ဩဒိသမေတ္တာ ဟုလည်း အဆိုကွဲရှိသည်။ (ပါ)

ဝိဝဋ္ဋာ– ကမ္ဘာပျက်ပုံတည်ပုံ အယူအဆကို ဤသို့အကျဉ်းမှတ်ရသည်။ ရှေးဦးစွာ နေခုနစ်စင်း ထွက်၍ ကမ္ဘာကြီး မီးလောင်သည်။ ထို့နောက် မီးငြိမ်း၍ အမိုက်တိုက်ကြီး အဖြစ် တည်နေသည်။



ထို့နောက် ကမ္ဘာပြုမိုးရွာ၍ ရေပြည့်စေလျက် မိုးစဲသည်။ မိုးစဲသောအခါ ရေသည် တဖြည်းဖြည်းရွေ့လျော၍ ရေမြေတောတောင်တို့ပေါ်သည်။ ဤသို့ကမ္ဘာပြုမိုးရွာ၍ ရေမြေတောတောင်တို့ ပေါ်သောကာလကို ဝိဝဋ္ဋကပ်ဟုခေါ်သည်။

ထိုဝိဝဋ္ဋကပ် အတွင်း၌ ဗြဟ္မာတို့သည် လူ့ပြည်သို့ ဆင်း၍ ကမ္ဘာဦးသူတို့ ဖြစ်ကြကုန်သည်။ ထိုအခါ ရသပထဝီမြေဆီကို စားကြသဖြင့် ကိုယ်၏ အလင်းရောင် ကွယ်သည်။ ထို့ကြောင့် နေမင်း၊ လမင်း၊ နက္ခတ် တာရာတို့ ပေါ်သည်။

အတန်ကြာသော် ကမ္ဘာဦးသူတို့ လောဘ ကြီးသဖြင့် ရသပထဝီ မြေဆီ ကွယ်သည်။ မြေဆီကွယ်လျှင် မြေလွှာကို စားကြသည်။ မြေလွှာ ကွယ်ပြန် သောအခါ ပဒါလတာ နွယ်ချိုကို စားကြပြန်သည်။ ပဒါလတာ နွယ်ချို ကွယ်ပြန်သောအခါ သလေးဆန်ကို ထမင်း ချက်၍ စားကြပြန်သည်။

ထိုအခါ အစားအစာ ရုန့်ကြမ်းသဖြင့် ကျင်ကြီးကျင်ငယ် ဖြစ်လာသည်။ ကျင်ကြီးကျင်ငယ်စွန့်ရန် ကိုယ်အင်္ဂါများ ပေါ်လာသည်။ ယောကျာ်း မိန်းမဟူ၍ကွဲခြားလာသည်။ လင်မယားဟူ၍ ပေါင်းသင်း လာသည်။ သားသမီး မွေးလာသည်။ ထိုအခါမှစ၍ လူတို့ပေါက်ပွားလာကြရာ ယနေ့လူတို့အထိ ဖြစ်လေသည်။ ထို့ကြောင့် ကမ္ဘာ အစ ဗြဟ္မာက ဆိုသည့်အတိုင်း လူတို့သည် ကမ္ဘာဦး ဗြဟ္မာကြီးတို့က ဆင်းသက်လာကြသဖြင့် တယောက်နှင့် တယောက် ဆွေမျိုးတော် သွေးစပ်ကြ လေသည်။

နှစ်သောင်းကျူး– ခရီးအကွာအဝေး တာ ၂ သောင်း သို့မဟုတ် တိုင် ၂၀ - ကျော်ကျော်။ မောင်းထောင်နှင့် ချောင်းဦး အကွာအဝေး။

ရွာမွှေထောင်– မောင်းထောင်ရွာ။ ဦးကျော်လှမွေးရာအရပ်။

မဇ္ဈေ– ဝန်တိုခြင်း။ (ပါ၊ မစ္ဆေရ)

မောင်ကြူ– ချောင်းဦးဆယ်ရွာဇာတိ၊ ဦးဥာဏ်ကျယ် အမည်ခံသော သံချိုကိုင် ဆရာတဦး။

သဗ္ဗေသတ္တာ– သတ္တဝါအားလုံး။ (ပါ)

အဝေရာ– ရန်မရှိခြင်း။ (ပါ) သဗ္ဗေသတ္တာ အဝေရာ ဟောန္တု– ဟူ၍ မေတ္တာပို့ ရသည်။ အနက်မှာ – သဗ္ဗေသတ္တာ၊ သတ္တဝါ အားလုံးတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။

နှစ်ရာတိုင်– အနှစ်တရာပတ်လုံး။ တသက်လုံး။

## ပေါင်း ရှစ်ယောက် ကောက်စိုက်သူ

(စာမျက်နှာ-၁၆)

မြေပဝရံ– မြေမြတ်။ မြတ်သောအရပ်။ (ပါ၊ ပဝရ၊ မြတ်သော)

သေန်– အရှေ့မြောက်ထောင့်ဖြစ်သော။ (ပါ၊ သေန္န)

ပြည့်ဝ– ကျွန်မကို ခေါ်သောအမည်။ သေဌေးမင်း စည်းစိမ်ကို၊ အိမ်ပြည့်ဝဂုဏ်မောက်–ဟူ၍ စကားပုံရှိသည်။ (ပါ၊ ပုဏ္ဏာ)

သိကရီ– ကသိကရီ။ ဆင်းရဲငိုငြင်စွာ။

ဗီရဏီ– ကဿပဘုရား လက်ထက်အခါက ပုဏ္ဏားတဦး အိမ်တွင် ဗီရဏီအမည်ရှိသော ကျွန်မတဦးရှိသည်။ ထိုကျွန်မသည် သင်္ဃာတော် ရှစ်ပါးအား ဆွမ်းလုပ် ကျွေးဘူးသဖြင့် သေ သောအခါ နတ်ပြည်တွင် နတ်သမီး ဖြစ်သည်။ ဗီရဏီ နတ်သမီးဟု ကျော်ကြားသည်။ သူနေသော ဘုံကို ဗီရဏီ ဘုံဟု ခေါ်သည်။ (မဟာဝင်အပိုင်း-၂၇)



ကသစ်ပင်– ကသစ်ပင်ပေါက်ရာ တာဝတိံသာနတ်ပြည်ဟုဆိုလိုသည်။

သုဒဿနာ– သိကြားမင်းနေရာမြို့။ (ပါ)

မှာဏဝီ– လုံမပျို။ (ပါ)

အာသာဝတီ– တာဝတိံသာနတ်ပြည် စိတ္တလတာဥယျာဉ်တွင် အာသာဝတီ နွယ်ပင်ရှိသည်။ ထိုအပင်သည် အနှစ်တထောင်တွင် တကြိမ်သီးသည်ဟုငါးရာ့ငါးဆယ်နိပါတ်၊ အမှတ် ၃ ၈ ၀၊ အာသင်္ကဇာတ်တွင် ဆိုသည်။ အာသာဝတီ ပန်းဟူ၍ ကား သုတ်မဟာဝါ အဋ္ဌကထာတွင်ဆိုသည်။

ကြာခြည်– ကြည်ခြည်ပိုးမျှင်တို့ဖြင့် ရက်လုပ်ထားသောပါးလွှာသည့် အထည်။

## မှိုင်းမပါကြောင်း

(စာမျက်နှာ-၁၉)

မှော်– စက္ကူတွင်အင်းရေး၍ပြာချလျက် အဓိဋ္ဌာန်သစ္စာပြုကာ လျက်မျိုသောက်သုံးခြင်းဖြင့် သွင်းယူရသော ပယောဂ ပညာတမျိုး။ မှော်ကိုးပါး အကြောင်းကို လောကီ အင်္ဂုတ္တိုရ် မန္တန်ကျမ်းတွင် တွေ့နိုင်သည်။ မှော်ကိုးပါး စီရင်နိုင်သူသည် ကာယသိဒ္ဓိ၊ မနသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ပီယ သိဒ္ဓိဟူသော သိဒ္ဓိ၄ပါးပြီးသည်ဟုဆိုသည်။

ကိုးမှော်ရဉာဏ်ဝိဇ္ဇာ–အတတ်ပညာအမျိုးစုံကို တတ်ကျွမ်းသည်။

ကနက်– ရွှေထီးရွှေနန်း။ (ပါ၊ ကနကဒဏ္ဍ)

ဘိလပ်စံ– အင်္ဂလိပ်မင်း။ ဗြိတိသျှအစိုးရ။

အနိစ္စာ– သေဆုံးသည်။ (ပါ)

ဘိင္ဇနာ– ပျက်စီးသည်။ သေဆုံးသည်။ (ပါ)

တန်– ဆိုးသည်။ ယုတ်သည်။ ညံ့သည်။

တံခါးဖိုလ်– ကင်းသမားကို ခမ်းနားအောင်ခေါ် ဆိုထားခြင်း ဖြစ်သည်။

## ရိုးရွှေဒုတ်ငှက်
(စာမျက်နှာ-၂၁)

ရိုးရွှေဒုတ်– အော်မြည်သံကို စွဲ၍ ခေါ်လိုက်သော ငှက်ကလေး။ ဤတွင် "မြန်မာပြည်ငှက်များ" ခေါ် စာအုပ် စာမျက်နှာ ၁၇၃ ၌ ဖော်ပြထားသည့် ငှက်လက်မ (The Tenasserim Wren-warbler) ကို ရည်ညွှန်းပုံ ရသည်။ ငှက်လက်မ၏ အော်သံသည် သော့တွဲလှုပ်သံ နှင့် တူသည်ဟု ဆိုသည်။ သော့တွဲလှုပ်သံမျိုးကို ရိုးရွှေ ဒုတ်ဟု မြန်မာ့နားတွင် ကြားပုံရသည်။

တေးဖြန့်ဘယ်ညာ–ငှက်ငယ်၏ သာယာသော တေးဆိုသံ။

ဖြန့်– တူရိယာသံတမျိုး။ တြန့်ဟု ဝဏ္ဏဗောဓနတွင် ရှိသည်။

ဘယ်– ဘယ်သံ။သက်သံ ဟူ၍လည်း ခေါ်သည်။ အ၊ဣ၊ဥ၊အေ၊ အော့ စသော အောက်မြစ်သံပါသည့် ကာရန်တို့။

ညာ– ညာသံ။တက်သံ ဟူ၍လည်း ခေါ်သည်။ အာ၊ဤ၊ဦ၊ဧ၊ သြော် စသော အောက်မြစ်သံလည်းမပါ ဝစ္စနှစ်လုံး ပေါက်သံလည်းမပါသော ကာရန်တို့။ (ဝစ္စနှစ်လုံး ပေါက်သံပါသော ကာရန်တို့ကို ညာသံအငယ်ဟူ၍ရင်း နိမ့်သံဟူ၍ရင်း ခေါ်သည်။)

မျိုးနွယ်တ ခွန်းဆင့်သံဝှန်–ရိုးရွှေဒုတ် ရိုးရွှေဒုတ် ဟူ၍ ဆင့်ကာ အော်မြည်သည်။ဟေမဝန်ဗွေ့ရှာပုံတော်တွင် "လက်မလောက် ငှက်နုပ်၊ နက်ကျုတ်ကျုတ်ကလေးက၊ ရိုးရွှေဒုတ်ကေ



ရိုးရွှေဒုတ်ကေနှင့်၊ တကောင်ထဲ၊ သံကွဲထွေလို့" – ဟု ရှိသည်။

ချိပ်ပန်း– ငှက်ကလေး အိပ်တန်းတက်သော ညနေချိန် ကောင်းကင် (မိုးလယ်ဝ) တွင် တောက်ပနေသည့် ချိပ်ရောင် ပန်းရောင် တိမ်နီများ။

## သံဝေဂ ကေပိုဒ်
(စာမျက်နှာ-၂၃)

သံဝေဂ– ထိတ်လန့်ခြင်း။ (ပါ)

ကေပိုဒ်– တပိုဒ်တည်း။ (ပါ၊ ကေပဒ)

ရတု– လေးလုံးစပ်လင်္ကာတမျိုး။

သံဝေဓမ္မ– ထိတ်လန့်ခြင်းတရား။ (ပါ)

သုဒဿန– နတ်တို့၏မြို့အမည်။ (ပါ)

သူရာ– အသူရာနတ်။ (ပါ) မာဃလုလင် သိကြားဖြစ်သော အခါ မြင့်မိုရ်တောင်ထက်မှ ပစ်ချလိုက်၍ မြင့်မိုရ်တောင် အောက်သို့ ရောက်သွားသောနတ်။

လုလင်မာဃ– မာဃအမည်ရှိသော လူပျိုလူ ရွယ်။ ဤတွင်သိကြားမင်းကိုဆိုသည်။ (ပါ၊ မဃ မာဏဝက)

အမရဝတီ– သိကြားမင်းနေရာ မြို့၏အမည်။ (ပါ)

ပူရီ – မြို့။ (ပါ)

ထုံး – ရှေးအဖြစ်အပျက်။

ဂေါဇာ– ရောက်ဆဲတည်ဆဲဖြစ်သောသက္ကရာဇ်။ (သ၊ ဂေါစရယ)

ကေ်– အရေအတွက်တစ်။ (ပါ၊ကေ)

ဒွေး– အရေအတွက်နှစ်။ (ပါ၊ ဒွိ၊ ဒွေ)

ဇော– အရေအတွက်လေး။ (ဗေဒင်)

သတ်– အရေအတွက်ခုနစ်။ (ပါ၊ သတ္တ)

သရဒ– တန်ဆောင်မုန်း။ (ပါ)

ကဏှပက္ခ– လဆုတ်ရက်။ (ပါ၊ မှောင်မိုက်သောအဖို့)

ဆဋ္ဌ– အရေအတွက်ခြောက်ခုမြောက်။ (ပါ)

ပူးရက်– သောကြာနေ့။ (ဗေဒင်)

သတ္တရက်– ခုနစ်ရက်နေ့။ (ပါ၊ မြန်မာ)

ချံ့ချံ့– ရှေးရှုတူရှုတန်းလျက်။

ဂေါယာ– အနောက်အရပ်။ (ပါ၊ ဂေါယာန၊ အနောက်ကျွန်း)

ဂဠုန်ရက်– တနင်္ဂနွေနေ့။ (ဗေဒင်)

သုံးချက်– မြန်မာနာရီသုံးပဟိုရ်အချိန်။ ယခုသုံးနာရီနှင့်တူသည်။

ဒွါဒသီ– ဆဲ့နှစ်ရာသီ။ (ပါ)

ဗြိစ္ဆာ– ကင်းမြီးကောက်ရုပ်အမှတ်ရှိသောရာသီ။ (သ)

ဂရုဍာ– တနင်္ဂနွေဂြိုဟ်။တစ်ဂဏန်း။ (ပါ၊ ဂဠုန်ငှက်)

ဆဒ္ဒန်– ဗုဒ္ဓဟူးဂြိုဟ်။ လေးဂဏန်း။(ပါ၊ဆင်)

ပူးနတ်– သောကြာဂြိုဟ်။ ခြောက်ဂဏန်း။ (ဗေဒင်)

ဓနု– လေး လက်နက် စွဲကိုင်သော လူရုပ် အမှတ်ရှိသည့် ရာသီ။ (ပါ)

ရာဟု– ရာဟုဂြိုဟ်။ ရှစ်ဂဏန်း။ (ပါ)

စန္ဒာ– တနင်္လာဂြိုဟ်။ နှစ်ဂဏန်း။ (ပါ၊ စန္ဒ)

သိဟ်– ခြင်္သေ့ရုပ်အမှတ်ရှိသော ရာသီ။ (ပါ၊ သီဟ)



သီဟာ– အင်္ဂါဂြိုဟ်။ သုံးဂဏန်း။ (ပါ၊ သီဟ)

ဇီဝါ– ကြာသပတေးဂြိုဟ်။ ငါးဂဏန်း။ (ပါ)

ကန်– သတို့သမီးရုပ်အမှတ်ရှိသော ရာသီ။ (သ၊ ကနျာ)

နဂါးမြွေ– စနေဂြိုဟ်။ သုညဂဏန်း။

မေထုန်– ယောက်ျား မိန်းမရုပ်အမှတ်ရှိသောရာသီ။ (ပါ၊မေထုန)

မိဿာ– ဆိတ်ရုပ်အမှတ်ရှိသော ရာသီ။ (ပါ၊ မေသ)

လဂ်– အရှေ့မိုးကုပ်စက်ဝိုင်းမှတက်သော ရာသီ။ (သ၊ လဂ္ဂန)

နက္ခတ်စင်ရှုံး– စင်နက္ခတ်။ ကိစ္စတစုံတခု ဖြစ်ပေါ်ချိန်တွင် တနင်္လာဂြိုဟ်နှင့် ယှဉ်နေသောနက္ခတ်။ (စန်းယှဉ်နက္ခတ်)။

ဆယ်လုံး– နက္ခတ်ဆယ်လုံး။

ပါဒ်– နက္ခဘ်တခု၏ လေးပုံတပုံရှိသော အချိန်။ (ပါ၊ ပါဒ)

ဗိဇနာ– တပါဒ်၏ ဆယ့်ငါးပုံ တပုံရှိသော အချိန်။ (ဗေဒင်) အချိန်တွက်နည်းမှာ မျက်စိတမှိတ်သည် တခဏ။ ဆယ်ခဏသည် တလယ။ ဆယ်လယသည် တခရာ။ ဆယ်ခရာသည် တပြန်။ ခြောက်ပြန်သည် တဗိဇနာ။ ဆဲ့ငါး ဗိဇနာသည် တပါဒ်။ လေးပါဒ်သည် တလိတ္တာ တနည်း၊ တနာရီ။

သုဒ္ဓိန်– သုဒ္ဓဒိန်။နှစ်ဆန်းတရက်နေ့မှစ၍ နှစ်ကုန်အထိ အတွင်းရှိ ရက်များ။ သီပေါမင်း ပါတော် မူသည်မှာ နှစ်ဆန်း တရက် နေ့မှစ၍ ရေတွက်လျှင် သုဒ္ဓဒိန် ၂၂၉ ရက် မြောက်နေ့တွင် ဖြစ်သည်။ စွယ်စုံ ကျော်ထင် ကျမ်း ပုဏ္ဏာ ၉၃၅ အဖြေရှု။ (ပါ၊ သုဒ္ဓဒိန)

နောဝီသာ– အရေအတွက်နှစ်ဆဲ့ကိုး။ (ပါ)

နိစ်— ဂြိုဟ်တို့ ရောက်ရာအနိမ့်ဆုံးနေရာ။ (ပါ၊ နီစ)

ပြ— ကသစ်ဂြိုဟ်နှင့် သမသတ်အိမ်တွင်ရှိသော ဂြိုဟ်၏အခြေ အနေ။ ဂြိုဟ်တို့၏အရောင်ညှိုးသော အခိုက်အတန့်။

မာလောနွယ်— ပါဠိ ကျမ်းဂန်တွင် မာလုဝါဟု ခေါ်သော နွယ်ပင်။ နွယ်ပင်သည် မိမိနွယ်တက်ရာ သစ်ပင်ကို ဖျက်ဆီး သကဲ့သို့ အချို့သော မှူးမတ် အရာရှိတို့သည် အားကိုး မှီခိုရာ ထမင်းရှင်ဖြစ်သော တိုင်းပြည်နှင့်လူထု အကျိုးကို ဖျက်ဆီးတတ်သည်။ ဤသို့သော မှူးမတ်အရာရှိမျိုးကို လတောပမ မင်းခယောကျ်ား ခေါ်ကြောင်း ရာဇသေ ၀က ဒီပနီကျမ်း ၄၇ တွင် ဆိုသည်။ နွယ်နှင့် တူသော မင်းခ ယောကျ်ား ဆိုလိုသည်။ ပြည်ကျိုး မင်းကျိုး၊ နှစ်ကျိုးပျောက်ကွယ်၊မာလောနွယ်လျှင်၊ ရစ်တွယ်အုံပြီး၊ သစ်ပင်ကြီးကို–စသည်ဖြင့်လည်း မဃဒေဝလင်္ကာကြီး * ၃၈၅ တွင် အဆိုရှိသည်။

မိစ္ဆာ— မိစ္ဆာဒိဋ္ဌိ။ မှားသောအယူ။ (ပါ)

မောဟ— တွေဝေမိုက်မဲခြင်း။ (ပါ)

လောကဓံအဋ္ဌ— လောကဓံတရားရှစ်ပါး။ (ပါ) (၁) လာဘ၊ ဥစ္စာပစ္စည်း တိုးတက်ခြင်း၊ (၂) အလာဘ၊ ဥစ္စာ ပစ္စည်းဆုတ်ယုတ် ခြင်း၊ (၃) ယသ၊ အခြံအရံများခြင်း၊ (၄) အယသ အခြံအရံ နည်းခြင်း၊ (၅) ပသံသာ၊ ချီးမွမ်းခံရခြင်း၊ (၆) နိန္ဒာ၊ ကဲ့ရဲ့ခံရခြင်း၊ (၇) သုခ၊ ချမ်းသာခြင်း၊ (၈) ဒုက္ခ၊ ဆင်းရဲခြင်း။

သဘာဝ— ဖြစ်တတ်သော အခြင်းအရာ။ (ပါ)

ကျွန်းသပြေဒီ— ဇမ္ဗူဒီပါကျွန်း။ (ပါ၊ ဇမ္ဗူ၊ သပြေပင်၊ ဒီပ၊ ကျွန်း)

မရဏီ— မြေကြီး။ (ပါ)



သံဝိဂ္ဂ— ထိတ်လန့်ခြင်း။ (ပါ)

ဩ— ဝန်ခံခြင်းကိုပြသော အာမေဍိတ် စကားလုံး။

တရားသံဝေ— သံဝေဂတရား။ သံဝေဂဓမ္မ။ ဖြစ်မှုပျက်မှု စသည်တို့ ကြောင့် ဖြစ်ပေါ်သော ထိတ်လန့်ခြင်း။

**မန်းမကိုဋ်**

(စာမျက်နှာ-၂၈)

လေးချိုး— အချိုး ၄ ချိုးပါဝင်သော ကဗျာတမျိုး။

မန်းမကိုဋ်— မကိုဋ်သဖွယ် အထွတ်အမြတ် ဖြစ်သော မန္တလေး ရွှေမြို့တော်။

သိုက်— မည်သည့်ကာလ မည်သူ မည်သို့ဖြစ်မည်ဟု အဆင့်ဆင့် မှတ်ကြသောစကား။ သာသနာသိုက်၊ သိကြားသိုက်၊ ရသေ့သိုက်၊ မှန်ကန်သိုက်စသည်ဖြင့် သိုက်အမျိုးမျိုး ရှိသည်။ မန္တလေးပြည်ရွာ၊ တည်သောခါ၊ ရာဇာမင်း ထက်မင်း။ သိတင်းသီလ၊ ဒါနမကင်း၊ စောင့်မြဲခြင်း၊ ဗိုလ်လူခပင်း ချမ်းသာခြင်း၊ မယွင်းထိုခါ ဖြစ်လိမ့်တည်း စသည်ဖြင့်မန္တလေးမြို့ဆိုင်ရာ သိုက်စာများရှိသည်။

ဝသုန်— မြေကြီး။ (ပါ၊ ဝသုန္ဓရာ)

ကပ်— ကမ္ဘာ။ (ပါ၊ ကပ္ပ)

မော်ကွန်း— မှတ်တမ်း။

ပဝရ— မြတ်သော (သူ) ။ ရှင်ဘုရင်။ (ပါ)

သမ္ဘိန်— အနွယ်မပျက်သောမင်းမျိုး။ (ပါ၊ အသမ္ဘိန္န)

နေသမ္ဘိန်— နေမင်းမှ အနွယ်မပျက် ဆင်းသက်လာသောမင်း။

အာဟိန္ဒ— အလောင်းမင်းတရား ဖြစ်အံ့သော ကြီးမင်း၏ အမည်။ ဤတွင် အလောင်းမင်းတရားကို ဆိုလိုသည်။ မြတ်စွာ

ဘုရားသည် ဆယ်ဝါမြောက် အခါ ပလလည်း တောသို့ သီတင်းသုံးစဉ် အာဟာရနှမည်သော ကျီးမင်းသည် နောင် အခါ အလောင်းမင်းတရားကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ် ပေးဘူးကြောင်း သိုက်စာများကဆိုသည်။

ဝံသ– အမျိုးအနွယ်။ (ပါ)

ဆယ်ဆင့်နေ– ဆယ်ဆင့်မြောက် နေမျိုးနေနွယ်မင်း။ ဤတွင် ကုန်းဘောင်ဆက် မင်းတို့တွင် ဆယ်ဆင့်မြောက် ဖြစ်သော မင်းတုန်းမင်းကိုဆိုသည်။

ရိပ်ဖြူမိုး– ထီးဖြူဆောင်း၍ မင်းပြုသည်။

မိစ္ဆာရန်– မိစ္ဆာဒိဋ္ဌိဖြစ်သောရန်သူ။

ဆဲ့တဖြာ– ကုန်းဘောင်ဆက်မင်းတို့တွင် တဆဲ့တဆက်မြောက် သီပေါမင်း။

နေအာဒိစ်– အာဒိစ္စဝံသ နေမင်းမျိုးအစစ်။

ဖြူမိုးလှစ်– ထီးဖြူဖွင့်၍မင်းပြုသည်။

ရွှေဆောင်နွား–ရွှေဆောင်နွားလား၊ အကောက်သွားက၊ နောက်နွား တသိုက်၊ အကောက်လိုက်၏–ဆိုသော မဃဒေဝလင်္ကာ ကြီး* ၂၇၈ လာစကား၊ ရွှေဖျားဥသဘ၊ ခရီးချသော်၊ ထိုမှနွားများ၊ ရှိင်ရှိင်သွားသို့–ဆိုသော ကိုးခန်းပျို* ၂၉၇လာစကား၊ နေတွေ၊ ရွှေဆောင် နွားလားသည်။ ဇိမ့်၊ ကောက်စွာ။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထိုနွားမတို့သည်။ ဇိမ့်၊ ကောက်စွာ။ ဂစ္ဆန္တိ၊ သွားကုန်၏–ဟူသော ရာဇောဝါဒဇာတ်လာစကားတို့ကဲ့သို့ရေးသည်။

ကောသလ၏၊ သောဠသစာ–ကောသလတိုင်း ပသေနဒီမင်းကြီး မြင်မက်သော အိပ်မက် ၁၆ ချက်။ (ပါ၊ သောဠသ၊ တဆဲ့



ခြောက်) ငါးရာ့ငါးဆယ်နိပါတ်၊ အမှတ်၇၇၊ မဟာသုပိနဇာတ်တွင် ပသေနဒီကောသလမင်းကြီး၏ အိပ်မက် တဆဲ့ခြောက်ချက်ကို မြတ်စွာဘုရားဖြေဆိုတော်မူသည်။ ဤလေးချိုးနှင့်သက်ဆိုင်သည်ဆိုပုံရသော အိပ်မက်များ နှင့် အဖြေတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

ပဌမအိပ်မက်။ ။နွားနက် လေးကောင် တို့သည် ဝှေ့မယောင် ပြု၍ ရှောင်ကြကုန်၏။ ။အဖြေ။ ။မင်းဆိုးတို့လက်ထက်တွင် မိုးသားတို့တက်၍ ရွာမယောင် ပြုပြီးလျှင် မရွာပဲ ပြယ်ကြကုန်လတ္တံ့။

စတုတ္ထအိပ်မက်။ ။နွားကြီးတို့ကိုပယ်၍ နွားငယ်တို့ကို ဝန်ဆောင် ခိုင်း၏။ ။အဖြေ။ ။မင်းညံ့တို့သည် အုပ်ချုပ်ရေးကို မှူးကြီး မတ်ကြီးများ လက်တွင် မအပ်ပဲ လူငယ်များလက်တွင် အပ်ကုန်လတ္တံ့။

ပဉ္စမအိပ်မက်။ ။မျက်နှာနှစ်ခု ရှိသော မြင်းသည် ခံတွင်းနှစ်ခုဖြင့် အစာကို စား၏။ ။အဖြေ။ ။တရားသူကြီးတို့သည် တရားလို တရားခံ နှစ်ဖက်လုံးမှ လာဘ် စားကုန်လတ္တံ့။

ဆဋ္ဌ အိပ်မက်။ ။ရွှေလင်ပန်းကို မြေခွေးအား ကျင်ငယ်စွန့်ရန် ပေး၏။ ။အဖြေ။ ။မင်းညံ့ တို့သည် အမျိုး ယုတ်သော သူတို့ကို ချီးမြှောက် ကုန်လတ္တံ့။

အဋ္ဌမအိပ်မက်။ ။ရေမရှိသော အိုးတို့ ဝိုင်းရံနေသော ရေပြည့်အိုးကြီးကိုသာ ရေထည့်၏။ ။အဖြေ။ ။ဆင်းရဲသားတို့သည် မိမိတို့၏ ဝမ်းစာကို မရှာနိုင်ပဲ ရှင်ဘုရင်၏ ချမ်းသာမှု အတွက်ကိုသာ ဆောင်ရွက်ကြရလတ္တံ့။

နဝမအိပ်မက်။ ။ရေကန်တခုတွင် ရေသည် ကမ်းနား၌ကြည်၍ အလယ်၌ နောက်၏။ ။အဖြေ။ ။မင်းဆိုးတို့ညှဉ်းဆဲ၍ လူတို့သည် မြို့ကြီးရပ်ကြီးမှ ထွက်ခွာကာ တိုင်းစွန်ပြည်နား၌ နေကြလတ္တံ့။

ဒ္ဓါဒသမအိပ်မက်။ ။ဗူးတောင်း တို့သည် ရေ၌နစ်ကုန်၏။ ။အဖြေ။ ။မင်းဆိုးတို့ လက်ထက်တွင် ပညာရှိသူတော်ကောင်းတို့ မထင်ပေါ်လတ္တံ့။

တေရသမအိပ်မက်။ ။ကျောက်ဖျာတို့သည် ရေ၌ပေါ်ကုန်၏။ ။အဖြေ။ ။မင်းဆိုးတို့လက်ထက်တွင် ပညာမဲ့သူယုတ်မာတို့ထင်ပေါ်လတ္တံ့။

ပန္နရသမအိပ်မက်။ ။ကျီးကန်းကို ရွှေဟင်္သာတို့ခြံရံကုန်၏။ ။အဖြေ။ ။မင်းညံ့တို့ လက်ထက်၌ လူညံ့တို့ကြီးပွား၍ လူတော် လူကောင်းတို့သည် လူညံ့တို့ကို ခစားရလတ္တံ့။

သောဠသမအိပ်မက်။ ။ဆိတ်တို့သည် ကျားသစ်တို့ကို လိုက်ဖမ်း၍ စားကုန်၏။ ။အဖြေ။ ။မင်းညံ့တို့လက်ထက်၌ လူညံ့တို့သည် လူတော်လူကောင်း တို့ကို ညှဉ်းဆဲလတ္တံ့။

မြတ်စွာရှင်စော—မြတ်စွာဘုရား။

စိန္တေ— မကြံစည်အပ်သော ဘုန်းတန်ခိုးရှိသည့် မြတ်စွာဘုရား။ (ပါ၊ အစိန္တေယျ)

ဂဠုန်— တနင်္ဂနွေ။ တစ်ဂဏန်း။ (ပါ၊ ဂရုဍ)

ကျား — တနင်္လာ။ နှစ်ဂဏန်း။

ဆင်— ဗုဒ္ဓဟူး။ လေးဂဏန်း။



နဂါး— စနေ။ ခုနစ်ဂဏန်း။ (ပါ၊ နာဂ)

ကြာငါးစုံ— ကြာမျိုးငါးပါး။ (၁) ကြာညို (၂) ကြာနီ (၃) ကြာဖြူ (၄) ကြာပဒုမ္မာ (၅) ကြာပုဏ္ဍရိတ်။

ကြတ္တိကာ— တန်ဆောင်မုန်းလ။ (သ၊ ကာ'တ္တိက)

ပုဏ္ဏာ— လပြည့်နေ့။ (ပါ)

ဆင့်ရက်— ခြောက်ရက်နေ့။

အာကာ— အာကာသ။ မိုးကောင်းကင်။ (ပါ)

ဥက္ကာကြယ်— ကြယ်ကြွေခြင်း။ ကြွေသောကြယ်။ (ပါ၊ မီးရှူး မီးစည်း)

တိထီ— လဆန်းတရက်စသောရက်။ (ပါ)

မန်းဇမ္ဗူဘုန်း— ဇမ္ဗူဒိပ်ကျွန်း မန္တလေးမြို့ရှိ အရှင်သခင်။

သခ်ါရ— ပြုပြင်စီရင်ခြင်းခံရသောတရား။ (ပါ)

မနော— စိတ်။ နှလုံး။ (ပါ)

စော— သတိပြုသည်။ အာရုံစိုက်သည်။

## သဦးသုံးဝကေပိုဒ်

(စာမျက်နှာ-၃၂)

သဦး— ပျက်စီးကုန်ပျောက်သည်။ (ပါ၊ သုည)

ဥာဏ်ကဝေ— ပညာရှိ။ ဥာဏ်ပညာရှိသူ။ (ပါ၊ ဉာဏ၊ ကဝိ)

ပမာမြှောင်— ဥပမာပြုသည်။

ပေါက်ပင်ကိုင်း ညိတ်၊ ဗျိုင်းနိမိတ် — ပေါက်ပင် ပေါက်ပင် ဘာဖြစ်လို့ ကိုင်းတယ်၊ ဗျိုင်းနားလို့ ကိုင်းတယ် စသော စကားအထိမ်းအမှတ်။

ဖိုလ်ဟိတ်စပ်— အကျိုးအကြောင်းဆက်စပ်သည်။ (ပါ၊ ဖလ၊ အကျိုး၊ ဟေတု၊ အကြောင်း)

ဘူဇဂ— မြွေ။ (ပါ၊ ဘုဇဂ)

ချင်းမူလ— ယင်းသည်လျှင် အခြေခံအကြောင်းရင်း။ (ပါ၊ မူလ၊ အရင်းအမြစ်)

ကြလို— ဝါးပိုးဝါး။ ငယ်ရွယ် ပျိုမျစ်ခြင်းကို ကြလိုမျစ်နှင့် ခိုင်းနှိုင်းသည်မှာ ကိုးခန်းပျို*၁၃၄—ကြလိုမျစ်သို့။ ။ ရွယ်သစ်ပျိုကုန်သေးစွ၊တည်း—နှင့်ညီညွတ်သည်။

ပညပ်— စီမံခန့်ခွဲအုပ်ချုပ်သည်။ (ပါ၊ ပညာပန)

ရွှေး— ရွှေးနီစေ့နှင့် ညီမျှသောချိန်ဝန်။

ရတီ— ကျောက်မျက်ရတနာတို့ကို ချိန်သော ချိန်ဝန်တမျိုး။ ရွှေးနီစေ့။ (ပါ၊ ရတ္တိကာ)

ဗိဇဝါ— တရတီ၏အပုံ ၂၀လျှင် တပုံနှင့်ညီသောချိန်ဝန်။ (ဟိန္ဒီ၊ ဗီသွာ)

သိဿ— ရတနာသိဿမြို့။ ရွှေဘိုမြို့။ ကုန်းဘောင်မြို့။ (ပါ)

သိဿတန်ဆောင်—ကုန်းဘောင်ဆက်မင်းများ။

## ဩဝါဒ

(စာမျက်နှာ-၃၇)

ဩဝါဒ— အဆုံးအမ။ (ပါ)

တေးထပ်— အပိုဒ်တဆဲ့ရှစ်ပိုဒ်ပါသော ကဗျာတမျိုး။

မီးသုံးရပ်— မီးကဲ့သို့ ပူလောင်သော တရားသုံးပါး။ (၁) လောဘ၊ လိုချင်တပ်မက်ခြင်း (၂) ဒေါသ၊ အမျက်ထွက်ခြင်း၊ (၃) မောဟ၊ တွေဝေမိုက်မဲခြင်း။



ရတက်— ကြောင့်ကြခြင်း။ စိုးရိမ်ခြင်း။ သောက။

ယမနယ်— ငရဲပြည်။

လူ့ငြမ်း— လောကအဖြစ်အပျက်။

## လှည်းယဉ်တော်ကြုကြု

(စာမျက်နှာ-၄၀)

ကဲပြောင်— အကဲပြောင်သည်။ ဂုဏ်ရှိသည်။ တန်ဖိုးရှိသည်။

လှည်းဆောင်ပန်း—နွားလှည်းတွင် အရှေ့ပိုင်းထိုင်ရန်နေရာ။

သညာဂုဏ်— ဂုဏ်ရှိကြောင်း အမှတ်အသား။

ထိပ်ကြာ— နွား၏ငယ်ထိပ်တွင်ရှိသော အမွေးအဖြူကွက်။

နွားကြန်စုံ— ကောင်းသောကြန်အင်္ဂါတို့နှင့်ပြည့်စုံသည့်နွား။

ပိဿာပေး— ငွေတပိဿာပေးရသည်။ ငွေကျပ်တရာပေးရသည်။

## မဲဇာတောင်ခြေ

(စာမျက်နှာ-၄၄)

မဲဇာတောင်— ကသာမြို့အနီးတွင် မဲဇာတောင်ရှိသည်။ မဲဇာတောင်ခြေတွင် မဲဇာချောင်း ရှိသည်။ ယင်းမဲဇာချောင်းသည် တောင်ဖက်သို့စီး၍ တကောင်းမြို့ အထက်တွင် ဧရာဝတီမြစ်နှင့်ပေါင်းသည်။

အဝှမ်းနိမိတ်ကွန်း—မြေနိမ့်ပိုင်းဒေသ။

ပွဲခါညောင်ရေ—ကဆုန်လညောင်ရေသွန်းပွဲတော်။

အဆောင်ရဓေ—နန်းတော်အဆောင်။

အောင်မြေ— ရွှေဘိုမြို့ရှိအောင်မြေ။

ဘိုးတော်— နောင်တော်ကြီးမင်း၏ဘိုးတော်၊ အလောင်းမင်းတရား၏ ခမည်းတော်မင်းညိုစံ။ (မဲဇာတောင်ခြေဋီကာ။)

မြရွှေရှု— ရွှေရှုကြီးဘုရား။

ဘုရား့ကျွန်တော်—လက်ဝဲသုန္ဒရ။

ယုဂန်— နေမင်းလမင်းတို့ သွားရာလမ်းကြောင်းနှင့် အညီ မြင့်သောတောင်။ (ပါ၊ ယုဂန္ဓရ)

မျောက်မျည်း— မပျော့တပျော့ အိပ်ခြင်း။ မျောက်ကဲ့သို့ အိပ်ခြင်း။ မျောက်မျဉ်းဆိုမှ သတ်ပုံနှင့်ညီသည်။ (ပါ၊ ကပိနိဒ္ဒါ)

**ပေါရိသာလမ်း**

(စာမျက်နှာ-၄၇)

ပေါရိသာ— ရှေးသရောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းကြီးတပါးသည် လူသားကိုကြိုက်၍ ထီးနန်းကိုစွန့်ကာ တောဝင် ပြီးလျှင် လူတို့ကိုဖမ်းစားနေသည်။ ထိုတွင်မှ "ပေါရိသာဒ" ဟူသောအမည်ကို ရသည်။ မြန်မာလို "လူသားစားသူ"ဟု အဓိပ္ပါရှိသည်။ (ပါ)

လှည်းကုန်သည် ငါးရာ — ပါဠိကျမ်းဂန်တွင် လှည်းငါးရာနှင့် ကုန်ကူးသန်းသော အကြောင်း တို့ကို တွေ့ရသည်။ ငါးရာ့ ငါးဆယ်နိပါတ်၊ အမှတ်၁၊ အပဏ္ဏကဇာတ်ကို ကြည့်ပါ။

**ကစားရှယ်**

(စာမျက်နှာ-၅၁)

စည်းပုံသုံးအိမ်— ကလေးများ ကစားသောအခါ လူရွေးရန် ဆိုရသော စကား။ စည်းပုံသုံးအိမ်၊ တို့ကိုမှိန်၊ လွှမ်းစိန်ကဲဘုံပြေးဟဲ့ ဖေ့သားနွား - ဟူ၍ ဆိုရသည်။

ညောင်နန်းမှာ ဝေလေလေ — ညောင်ပင်တစ္ဆေ၊ ဝေလေလေ၊ နင်ဘယ်ကိုင်းမှာနေ၊ ညောင်ကိုင်းမှာနေ - စသည်ဖြင့် မေးကာ ဖြေကာ မယ်ဒွေးဖမ်းတမ်း ကစားခြင်း။



အင်းမနေမြေမနင်း— အင်းမနေ မြေမနင်း၊ ဇမ္ဗူဘား စပါးဆဲ့ကိုးတင်း - ဟူ၍ဆိုကာ မြေကြီးနင်းသူကို လိုက်၍ဖမ်းတမ်း ကစားခြင်း။ အင်္ဂတေမြေမထိ။ သပွတ်သား ဝါးမထိ - ဟူ၍လည်း ဆိုကြသည်။

ခေါင်းခေါက် ထိပ်ပုတ် — ထိုပ်ပုတ်တမ်း ကစားခြင်း။

ဖန်တို့— မပြုံးမရယ် အသံမထွက်ပဲ တဖက်လူနှင့်တဖက်လူ သွားရောက် လက်နှင့်တို့ထိရသော မိန်းကလေး ကစားနည်း။ အညောင်းပြေအားတိုးကစားမျိုးကျမ်းတွင် အကျယ်ကို ကြည့်နိုင်သည်။

**ဆရာမှိုင်း၏သောက**

(စာမျက်နှာ-၅၃)

သောက— စိုးရိမ်ခြင်း။ ကြောင့်ကြခြင်း။ (ပါ)

အုံ့ပူပုံခက်နှောင်ပွား— စိတ်ပူသည်။

လျှို— ချောင်းရိုးမြေနိမ့်ပိုင်း။

ခင်— ကုန်းတန်း။ ကုန်းရိုး။

ဖိုဝင်စား— အဂ္ဂိရတ် ထိုးသည်။

သနစ်— အဖြစ်အပျက် အကြောင်းအရာ။

သဝဏ်— အကြောင်းကြားစာ။ (ပါ၊ သုဝဏ္ဏလိပိ)

**အညာမင်္ဂလာဆောင်**

(စာမျက်နှာ-၅၄)

လယ်တရှင်— လယ်တပွဲ။ လယ်တခင်း။

အခြေကိုနှင်း— အိမ်ထောင်သည်ဘဝတွင် လိုသော အခြေခံပစ္စည်းကို ပေးသည်။

လူ့ထုံးစရိုက်– လူတို့၏ ထုံးစံ။

တသိန်ပြောင်– ဂုဏ်ရှိသည်။ လူတမ်းစေ့သည်။

ခန်း၀င်– ခန်း၀င်ပစ္စည်း။ လက်ထပ် မင်္ဂလာပွဲတွင် အမိအဖတို့က လက်ဖွဲ့သော ဥစ္စာ။

## ရွှေလရောင်ဘွဲ့ခံ ဦးမင်းယောင်

(စာမျက်နှာ-၅၉)

မြို့လုလင်– ဦးမင်းယောင် မြို့သူကြီး လုပ်ရာမြို့။ နတ်မောက်နယ်တွင် ရှိသည်။

ဦးမင်းယောင်– ဗိုလ်ချုပ်အောင်ဆန်း၏ ဘွားအေ ဒေါ်သူဇာ၏မောင်။ ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူ အရေးတော်ပုံတွင် ဗြိတိသျှသစ္စာကို မခံယူ၍ အသတ်ခံရသည်။

ဗိုလ်၀င်ခံသည်– ဦးမင်းယောင်သည် အင်္ဂလိပ်အလံအောက်သို့ မ၀င်ပဲ ရွှေလရောင်ဟူသောဘွဲ့ကိုခံယူ၍ ၃ နှစ်တိုင်တိုင် မင်းခမ်း မင်းနားတို့ဖြင့် ထီးဖြူဖွင့်ပြီးလျှင် နတ်မောက်၊ ကျောက် ပန်းတောင်း၊ ပုပ္ပါးစသော တောင်ထွင်းကြီး မြောက် လက် တခွင်၌ ဘုရင်ပြုလုပ်ပြီးလျှင် ရဲမက်ဗိုလ်ခြေသိမ်း သွင်း၍ အင်္ဂလိပ်တို့အား အကြိတ်အနယ် ရင်ဆိုင်တိုက် ခိုက်ခဲ့လေသည်။

ဗျူဟာ– သေနင်္ဗျူဟာ။ စစ်ခင်းခြင်း။ (ပါ)

ခတ်ကောလီခါ– ကောလီခတ် ဆန်းသောအခါ။ မင်္ဂလာ ရှိသော အချိန်အခါ။ (ဗေဒင်) ခတ်ဆန်း တွက်နည်းမှာ - လိုသော သက္ကရာဇ် တည်။ ၂၀၅ နုတ်။ အကြွင်းကို ခတ်သက်ပေါင်း ၇၀ နှင့် စား။ အကြွင်းကို ပါပ ခတ်သက် ၂၂ နုတ်။ မနုတ်လောက်လျှင် ပါပ ခတ်ဆန်း၏။ နုတ်လောက်၍ အကြွင်းရှိလျှင် သူရဋ္ဌ ခတ်သက် ၁၂ နုတ်။ မနုတ်လောက်လျှင် သူရဋ္ဌခတ် ဆန်း၏။ နုတ်လောက်၍ အကြွင်းရှိလျှင် အမြိတ္တ ခတ် သက် ၁၆ နုတ်။ မနုတ်လောက်လျှင် အမြိတ္တ ခတ် ဆန်း၏။ နုတ်လောက်လျှင် ကောလီခတ် ဆန်း၏။ ကောလီ ခတ်သက် ၃၀ ရှိသည်။



စန်းလက်မသာ) – ဗေဒင်သဘောအရ ကံနိမ့်သည်။ ကံဇာတာညှံ့သည်။
မယာ )

မြင်းမဏီ– နတ်မောက်မြို့ အရှေ့ဖက် မိုင် ၂၀ ကွာတွင် ရှိသော မြင်းမဏီတောင်၊ ဦးမင်းယောင်သည် မြို့လုလင်မှ တဆင့် ပြောင်း၍ အင်္ဂလိပ်တို့ကို ခုခံရာတပ်စခန်း။

လေးတိုင်စဉ်ရွာ– တောင်ထွင်းကြီးမြို့နှင့် ခရီးတသောင်းကွာတွင် ရှိသည့် ရွာကလေး။ ဦးမင်းယောင်သည် မြင်းမဏီ တောင်မှ တဆင့်ပြောင်း၍ အင်္ဂလိပ်တို့ကို ခုခံရာအရပ်။ ဤရွာ ကွင်းပင် ဦးမင်းယောင်ကို ရန်သူတို့က လက်ရဖမ်းသည်။

အောင်တြင်း– အောင်မြင်ခြင်း။

ချောင်တပဲ့ဘန်းတို့– စစ်ကိုင်း ချောင်တွင် နေသည့် တပည့်မဖြစ်သော သီလရှင် တို့။ ဘန်း နှင့် ဆန်ခံသော သီလရှင် ဟု ဆိုလိုသည်။

တောင်တမန်းမြို့– ဇမ္ဗူဒီပါတောင်ကျွန်းရှိ မန္တလေးမြို့။

နေလနှစ်ဆောင်– သီပေါမင်းတရားနှင့် မိဖုရားကြီး။

## မိဖုရားစောလုံ

(စာမျက်နှာ-၉၁)

မန်းနပူး– မင်းဘူးမြို့မြောက်ဖက်ရှိ မန်းမြစ်၏ကမ်းနပူး။

သားမွှာဘာ– ပုဂံပြည် တရုပ်ပြေးမင်း၏ အမည်တမျိုး။ နရသီဟ ပတေ့။

မောင်းမ— မိန်းမအခြွေအရံ။

ရွှေညီ— အခြွေအရံ။

မဟေသီ— မိဖုရား။ (ပါ)

ဆွေ့ကလျာမဒီ—အမျိုးသမီး။

စောလုံ— နရသီဟပတေ့မင်း၏မိဖုရားငယ်တပါး။

မနောသတိဘောမချိ—စိတ်ဆင်းရဲသည်။

စောင့်ပါခလှည့်—စောလုံ အနိစ္စ ရောက်ပြီးသော အခါ နရသီဟပတေ့မင်းသည် အောက်မေ့၍ စက်တော် ခေါ်သောအခါများတွင် စောလုံကို တမ်းတသောစကား။

သမတနေလာနှယ်—နရသီဟပတေ့မင်း။

ဖိုဗျာပါအများ—စိတ်ဆင်းရဲပူဆွေးသည်။

ဘမရာတပင်— ဘမရာသန ပလ္လင်တွင် စံစားရသော မိဖုရားတပါး ဖြစ်သည့် စောလုံ။

မဟေသက်လျာ—ချစ်အပ်သော မိဖုရား။

မန်းစက်ရတနာပလ္လင်—မန်းစက်တော်ရာဘုရား။

ဘန်းစကြာရှင်—သီလရှင်။ ဖွားသီလ။

ဒေါပုံ— ရန်ကုန်မြို့အနီး ဒေါပုံရွာနှင့် အစပ်ဖြစ်သော ရေဝတီမြစ်ကျယ်အရပ်။ ဤတွင် သံသရာနှင့်ဒေါပုံမြစ်ကျယ်ကို ခိုင်းနှိုင်း ထားသည်လည်း ဖြစ်နိုင်သည်။ လောဘ၊ ဒေါသ၊ မောဟတွေ များသော သူတို့ဟူ၍လည်း ဖြစ်နိုင်သည်။ ကဗျာစကားတို့တွင် အနက်ရိပ်အများ ရှိတတ်သည်ကို သတိပြုရသည်။



## နိုင်ငံ့အရေးကိုယ့်အရေး

(စာမျက်နှာ-၆၅)

ကိုယ်စားလှယ်သုံးဖြာ—ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန်။ ဖေ—ပု—ရှိန် ဟု ခေါ်လေ့ရှိသည်။ "သပြေနုချိန် တင်ရန်ပန်းတွေက များလိုက်ပါဘိ၊ဖေ-ပု-ရှိန် အင်္ဂလန် နန်းမြေ သွားတို့မှာဖြင့်" စသည်ဖြင့် သခင်ကိုယ်တော်မှိုင်း ဖွဲ့ဆိုခဲ့သည်။

ပု-ဒိ-အာ။

# အမှားပြင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၁၀ | ၂၇ | စ်သည်ဟု | ဖြစ်သည်ဟု |
| ၁၄ | ၇ | ပူရိသောရယ်လို | ပူရိသောရယ်လို့ |
| ၄၈ | ၁၆ | နိမိတ်လက္ခာ | နိမိတ်လက္ခဏာ |

ရွှေ … ခင်း သု … နဦး စီ … 
စာကြည့်တိုက်
တိုက်ပိုင်အမှတ် ………………
နေ့စွဲ ………………

[illegible]
စာကြည့်တိုက်
တိုက်ပိုင်အမှတ်...... ၆၆၁၇
နေ့စွဲ ...... ၂၅ . ၆ . ၉၇

ပ. ၆၆၁၇

**စာအုပ်ကတ်ပြား**

ရေးသူ ဦးဝန်
AUTHOR

စာအုပ်အမည် ခေတ်သသစ်ကဗျာများ
TITLE

| ပြန်ပေးရမည့်နေ့စွဲ DATE DUE | ငှားရမ်းသူအမည် BORROWERS NAME |
|---|---|
| | |
| | |

[illegible]
စာကြည့်တိုက်
တိုက်ပိုင်အမှတ်
နေ့စွဲ

ပ. ၆၆၁၇

- ဦးဝန်
- ခေတ်သသစ်ကဗျာများ

Class
Acc.No.